ကြေးမုံ
The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်၊ သောကြာနေ့၊ (12-12-2014) (၈၀၅၂)

## မိတ်ဆွေစစ်(၄)မျိုး

(၁) မိမိအားကျေးဇူးပြုသူ မိတ်ဆွေစစ်၊
(၂) ချမ်းသာဆင်းရဲ အတူဖြစ်သူ မိတ်ဆွေစစ်၊
(၃) အကျိုးစီးပွားကို ညွှန်ပြတတ်သော ဆရာနှင့်တူသူ မိတ်ဆွေစစ်၊
(၄) ညာညာတာတာ စောင့်ရှောက်တတ်သူ မိတ်ဆွေစစ်။

# အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု ဦးစားပေးဆောင်ရွက်ရန် လိုအပ်



**ဘူဆန် ဒီဇင်ဘာ ၁၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ရှိ ဘက်စ်ကို စင်တာ(BEXCO Exhibition Center) ၌ ကျင်းပသည့် ၂၀၁၄ ခုနှစ် အာဆီယံ - ကိုရီးယား အမှုဆောင်အရာရှိချုပ်များ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ကိုရီးယားကုန်သည်ကြီးများအသင်းချုပ်ဥက္ကဋ္ဌ Mr. Yongmaan Park က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထိုသို့ပြောကြားရာတွင် အာဆီယံ-ကိုရီးယား အမှုဆောင်အရာရှိချုပ်များ ညီလာခံခေါင်းစဉ်ကို "ဆန်းသစ်ဖန်တီးမှုနှင့် လျင်မြန်စွာလွတ်လပ်မှုတို့ဖြင့် အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုပုံစံသစ်စတင်ရေး" ဟူသည့် ခေါင်းစဉ်သည် အာဆီယံ-ကိုရီးယား စီးပွားရေးဆက်ဆံမှုကို မြှင့်တင်ရန် ရည်ရွယ်သည့်အတွက် (၂၅)နှစ်မြောက် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေး အထိမ်းအမှတ်၏ ခေါင်းစဉ် ဖြစ်သော "ယုံကြည်မှုတည်ဆောက်ခြင်း၊ ပျော်ရွှင်မှုဖော်ဆောင်ခြင်း" (Building Trust, Bringing Happiness) ဟူသည့် ခေါင်းစဉ်ကို အနှစ်သာရပြည့်ဝစေမည်ဖြစ်ပါကြောင်း။

> **အာဆီယံ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ကိုရီးယား-အာဆီယံ စီးပွားရေးကောင်စီနှင့် ကိုရီးယား-အာဆီယံ စက်မှုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကွန်ရက်တို့ကို ထိရောက်စွာအသုံးပြုသွားရမည်ဖြစ်။**

အာဆီယံနှင့်ကိုရီးယားအကြား နှစ်နိုင်ငံကုန်သွယ်ရေးသည် ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၁ ဘီလီယံ မှ ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၅ ဘီလီယံသို့

**စာမျက်နှာ ၃ ကော်လံ ၅ သို့** ☆

**အမှာစကားပြောကြား**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၄ ခုနှစ် အာဆီယံ - ကိုရီးယား အမှုဆောင်အရာရှိချုပ်များ ထိပ်သီးအစည်းအဝေးတွင် အမှာ စကားပြောကြားစဉ်။

(သတင်းစဉ်)



## ဂျပန်အစိုးရမှ အမေရိကန်ဒေါ်လာ ၄၃၇၅၅၁ တန်ဖိုးရှိ စီမံကိန်း လေးခု ထောက်ပံ့

စာမျက်နှာ ၉






ကြေးမုံ စာ တ ည်း ရှ ထေ ာ င့် ၁၂-၁၂-၂၀၁၄၊ သောကြာနေ့

# ဂုဏ်ယူဖွယ် အထိမ်းအမှတ်

မြန်မာနိုင်ငံရှိ ပျူမြို့ဟောင်းသုံးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မြို့ဟောင်းများအဖြစ် အသိအမှတ်ပြုခံရခြင်းသည် နိုင်ငံနှင့်လူမျိုးအတွက် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားဖွယ် ကောင်းလှပေသည်။ ထိုမြို့ဟောင်းများ၏ ယဉ်ကျေးမှုမှာ အမျိုးသားယဉ်ကျေးမှုအဆင့်ကို ကျော်လွန်၍ ကမ္ဘာပေါ်ရှိ လူသားအားလုံးအသိအမှတ်ပြုနိုင်သောအဆင့်သို့ ရောက်ရှိနေသဖြင့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့အစည်းက သတ်မှတ်ထားသော စံနှုန်းများနှင့်အညီ အသိအမှတ်ပြုခဲ့ခြင်းဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ မြောက်မြားစွာရှိသည်။ ထိုအမွေအနှစ်များအနက် ပျူရှေးဟောင်းမြို့တော်များဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ မြို့ဟောင်းများကို ယခုနှစ် ဇွန်လအတွင်းက ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် ပထမဦးစွာ သတ်မှတ်ခြင်းခံခဲ့ရ၍ မြန်မာနိုင်ငံအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ ဂုဏ်ဒြပ်တစ်ခု ရရှိခဲ့သည်။

ထိုသို့ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့ခြင်းသည် အဆိုပါပျူမြို့ဟောင်းများတည်ရှိရာ ဒေသများအတွင်းနေထိုင်ကြသော ယဉ်ကျေးမှုနှင့်သမိုင်းအမွေအနှစ်များကို ချစ်မြတ်နိုးကြသော ပြည်သူများနှင့် သက်ဆိုင်ရာဌာနတို့၏ အမျိုးသားရေးအသိစိတ်ဓာတ်ပြည့်ဝစွာဖြင့် ပူးပေါင်းပါဝင်ထိန်းသိမ်းစောင့်ရှောက်နိုင်သောကြောင့် ထိုသို့အသိအမှတ်ပြုခံခဲ့ရခြင်းဖြစ်သည်။

မကြာသေးမီရက်ပိုင်းအတွင်းက ထိုမြို့ဟောင်းသုံးမြို့အနက် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့နယ်အတွင်းရှိ ပြည်-ပေါက်ခေါင်းကားလမ်းနံဘေး ရွှေတံခါးကွက်သစ် နဂါးတွန့်တံခါးရှေ့ မြက်ခင်းပြင်တွင် သရေခေတ္တရာမြို့ဟောင်း၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အထိမ်းအမှတ်ကျောက်တိုင်အား ဦးစွာဖွင့်လှစ်ပေးလိုက်သည်ကို တွေ့ရသည်။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ရှေးဟောင်းမြို့များအား ကမ္ဘာ့အမွေအနှစ်ဖြစ်ကြောင်း အသိအမှတ်ပြုချိန်မှစ၍ ကမ္ဘာတွင်ကျော်ကြားနေပြီဖြစ်သကဲ့သို့ အထိမ်းအမှတ်ကျောက်တိုင်စိုက်ထူပေးလိုက်ခြင်းဖြင့် ထိုမြို့များသို့ လာရောက်ကြသည့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များသည် ထိုကျောက်တိုင်အား တွေ့ရှိသည်နှင့် ထိုဒေသမှာ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံရသည့် နေရာအဖြစ် အခိုင်အမာတွေ့မြင်ကြရမည်ဖြစ်သည်။

ထိုမြို့ဟောင်းများသည် သမိုင်းတင်ခေတ်အစောပိုင်းကာလ ယဉ်ကျေးမှုနှင့် မြို့ပြယဉ်ကျေးမှုထွန်းကားခဲ့ခြင်း၏ ခိုင်မာသော အထောက်အထားတစ်ရပ်ဖြစ်ခြင်း၊ လက်ရှိတွေ့ရှိထားသော အထောက်အထားများအရ အရှေ့တောင်အာရှဒေသအတွင်း အစောဆုံးသော ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှုနှင့်အတူ ဗုဒ္ဓယဉ်ကျေးမှုကိုအခြေခံ၍ တည်ဆောက်ထားသော မြို့ပြယဉ်ကျေးမှုဖြစ်ခြင်း၊ မြေပေါ်မြေအောက် အထောက်အထားများ ကြွင်းကျန်တည်ရှိနေသကဲ့သို့ ရာစုနှစ်တစ်ခုမက ပြည်တွင်းပြည်ပသုတေသနပညာရှင်များ လေ့လာမှုများအရ တိကျခိုင်မာသော သက်သေအထောက်အထားများ ရှိနေခြင်း၊ တွေ့ရှိရသော ယဉ်ကျေးမှုအထောက်အထားများကို ခေတ်မီနည်းစနစ်ဖြင့် သိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှုပြုလုပ်ရာတွင် တိကျခိုင်မာသောကာလ၊ ခုနှစ်သက္ကရာဇ်တို့ကိုလည်း ထုတ်ဖော်တင်ပြနိုင်ခြင်းတို့ကြောင့် ဦးစားပေးအသိအမှတ်ပြုခံခဲ့ရပေသည်။

ထိုရှေးဟောင်းမြို့သုံးမြို့မှာ ကမ္ဘာပေါ်ရှိလူသားများအားလုံး အသိအမှတ်ပြုနိုင်သည့် တန်ဖိုးများနှင့်ပြည့်စုံနေသည့်အတွက် ယခုမျက်မှောက်ကာလနှင့် နောင်အနာဂတ်မျိုးဆက်သစ်များအတွက်ပါ ဂုဏ်ယူဖွယ်ရာ ဂုဏ်ဒြပ်အဖြစ် ဆက်လက်ခံယူကြရမည့်အပြင် နောင်အရှည်တည်တံ့ခိုင်မြဲအောင်လည်း ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရမည်ဖြစ်သည်။

နိုင်ငံအတွက် တန်ဖိုးကြီးမားသော အဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များအား ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးတွင် အဓိကကျသူများမှာ သက်ဆိုင်ရာဌာနများ၊ ဒေသခံပြည်သူများနှင့် နိုင်ငံသားအားလုံးပင်ဖြစ်ပါကြောင်း။ ။

# ပဋိပက္ခဖြစ်ပွားမှုထိန်းချုပ်ကွပ်ကဲရေးဆိုင်ရာ အကူအညီပေးရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းအား United States Institute of Peace(USIP) ၏ စီနီယာ စီမံကိန်းအရာရှိ Mr.Steven Hege နှင့်အဖွဲ့သည် နေပြည်တော် ရုံးအမှတ်(၁၀) ဒုတိယဝန်ကြီး၏ဧည့်ခန်းမသို့ ယနေ့နံနက် ၁၀ နာရီခွဲတွင် လာရောက်တွေ့ဆုံပြီး ဒေသတွင်းပဋိပက္ခဖြစ်ပွားအောင်ဆောင်ရွက်သူများအား တုံ့ပြန်မှုနှင့်စောင့်ကြည့်မှုများဆိုင်ရာသင်တန်းကိစ္စ၊ ပဋိပက္ခဖြစ်ပွားမှုထိန်းချုပ်ကွပ်ကဲရေးဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာ၌ ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

## ရွှေဈေး၊ ဓာတ်ဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၁၁**

| | |
|---|---|
| ရန်ကုန် ရွှေဈေး | ၆၆၈၇၀၀ -၆၆၉၇၀၀ |
| မန္တလေး ရွှေဈေး | ၆၆၈၅၀၀ -၆၆၉၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၀၀ | ကျပ် |
| (ခ) | အောက်တိန်း95 | တစ်လီတာ | ၁၁၁၀ | ကျပ် |
| (ဂ) | အောက်တိန်း92 | တစ်လီတာ | ၈၉၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၇၉. ၈ |
| (ဂ) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၃. ၂၈ |
| (ဃ) | တရုတ် | တစ်ယွမ် | = ၁၆၅. ၉၅ |
| (င) | ထိုင်း | တစ်ဘတ် | = ၃၁. ၂၆၀ |
| (စ) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၃. ၇၈ |
| (ဆ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၅၃၀ |
| (ဇ) | ဂျပန် | တစ်ရာယန်း | = ၈၇၁. ၃၀ |
| (ဈ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၄၉၆ |
| (ည) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၅၇. ၁၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း



# ကျောင်းမုန့်ဈေးဆိုင်များအား စစ်ဆေးကြပ်မတ်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

တိုင်းဒေသကြီး/ပြည်နယ်အတွင်းမှ အခြေခံပညာကျောင်းများရှိ ကျောင်းမုန့်ဈေးတန်း၌ တားမြစ်ထားသည့် မုန့်များရောင်းချခြင်းမပြုနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တားမြစ်ထားသည့် မုန့်များအဖြစ် ဆိုးဆေးလွန်ကဲစွာ ပါရှိသော ရေခဲထုပ်၊ အချိုရည်ဘူး၊ ဂျယ်လီ၊ ငရုတ်ဆီ၊ အချဉ်ရည်နှင့် မုန့်မျိုးစုံ၊ စီးကရက်တံဆိပ်ပါ ဆေးလိပ်ဘူးပုံစံ မုန့်ထုပ်များ၊ Peppermint ခေါ် ပူရှိန်းမုန့်ထုပ်များ၊ အစိမ်းစားရသော အသားတုအချောင်းများ၊ ဆေးပြားပုံစံမုန့်များ၊ သက်တမ်းကုန်ဆုံးသော မုန့်ထုပ်များ၊ အာဟာရဖွံ့ဖြိုးရေးအတွက် အထောက်အကူမပြုသော မုန့်ထုပ်များ၊ ဆိုးဆေးလွန်ကဲသော အချဉ်ပေါင်းများ၊ ကုန်အမှတ်တံဆိပ်မပြည့်စုံသော မုန့်များ၊ အမှည့်လွန်သော သစ်သီးများ၊ အရုပ်နှင့် တွဲလျက် အာဟာရမပြည့်ဝသည့် ဆိုးဆေးပါမုန့်များကို ကျန်းမာရေးဦးစီးဌာနနှင့် ကျောင်းကျန်းမာရေးကော်မတီတို့ညှိနှိုင်း၍ သတ်မှတ်ဆောင်ရွက်ထားခြင်းဖြစ်သည်။ ထို့ပြင်ရောင်းချခွင့်ပြုသည့် ပစ္စည်းများကိုလည်း သတ်မှတ်ပေးထားကြောင်း သိရသည်။

စည်းကမ်းသတ်မှတ်ချက်နှင့်အညီ ရောင်းချမှုရှိ/မရှိကိုကျောင်းကျန်းမာရေးကော်မတီက နေ့စဉ် စစ်ဆေးခြင်းအပြင် ရှောင်တခင်စစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိပြီး သက်ဆိုင်ရာကျောင်းအုပ်ကြီးများ ကိုယ်တိုင်ဦးဆောင်စစ်ဆေးနေကြောင်း သိရသည်။

ထို့ပြင် ဈေးနှုန်းသက်သာပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် မုန့်များနှင့် အစားအသောက်များ ရောင်းချရေးအတွက် ကျောင်းမုန့်ဈေးသည်များအား အသိပညာပေးဟောပြောပွဲများကိုလည်း မြို့နယ်ကျောင်းကျန်းမာရေး ကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ညှိနှိုင်း၍ နှစ်လတစ်ကြိမ် ပြုလုပ်ပေးလျက်ရှိသည်။

**(သတင်းစဉ်)**



ပြည်တွင်းရေးရာ

# စိန်ခေါ်မှုများကို ကျော်လွှားကာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ကြောင်းပြန်လှည့်မည်မဟုတ်ကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြား

**ဘူဆန် ဒီဇင်ဘာ ၁၁**

ကိုရီးယားသမ္မတနိုင်ငံ PUKYONG National University က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ချီးမြှင့်ပွဲကို ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားတွင် PUKYONG National University ပါမောက္ခချုပ် Mr. Youg-Seup Kim က နိုင်ငံတော်သမ္မတအား ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ ချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ပါမောက္ခချုပ်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**



ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားခဲ့သည်။ ထိုသို့ ပြောကြားရာတွင် မိမိအနေဖြင့် မြန်မာပြည်သူများ လိုလားတောင့်တနေသည့် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးရည်မှန်းချက်များကို ပြည့်ဝစေမည့် ပြုပြင်ပြောင်းလဲမှုများကို စိတ်ရင်း စေတနာအပြည့်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့မှုအပေါ် ဒေသဆိုင်ရာနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းက အသိအမှတ်ပြုသည်ဟု ခံယူပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံအတွင်းတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အောင်မြင်မှုများရရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစ၍ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ မူဝါဒများကို ချမှတ်ခဲ့ပြီး ဒီမိုကရေစီစနစ်သို့ငြိမ်းချမ်းစွာ ပြောင်းလဲနိုင်အောင် ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများ တဖြည်းဖြည်းရရှိလာပြီဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်သို့ကူးပြောင်းမှုသည် နုနယ်ပြီး နူးညံ့သိမ်မွေ့ခြင်းကြောင့် စနစ်ကူးပြောင်းမှုလမ်းကြောင်းပေါ်ရှိ အခြားနိုင်ငံများကဲ့သို့ အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရပါကြောင်း၊ သို့သော် စိန်ခေါ်မှုများကို ကျော်လွှားကာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ကြောင်းပြန်လှည့်မည်မဟုတ်ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ဆက်ဆံရေး ဆက်လက်တိုးတက်ကောင်းမွန်ပြီး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဘူဂယောင်းအမျိုးသားတက္ကသိုလ်နှင့် မြန်မာနိုင်ငံမှ တက္ကသိုလ်များအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ပါမောက္ခချုပ်တို့သည် အထိမ်းအမှတ်သစ်ပင် စိုက်ပျိုးပေးပြီး ကိုရီးယား၌ ပညာသင်ကြားနေသော မြန်မာကျောင်းသားများနှင့် အမှတ်တရဓာတ်ပုံရိုက်ခဲ့ကြသည်။

ဘူဂယောင်းအမျိုးသားတက္ကသိုလ်သည် ရန်ကုန်မြို့ရှိ ဒဂုံတက္ကသိုလ်နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားပြီး ဘူဂယောင်းတက္ကသိုလ်တွင် လက်ရှိပညာသင်ကြားနေသော မြန်မာကျောင်းသားကျောင်းသူ ၄၄ ဦးရှိရာ ကိုရီးယားသမ္မတနိုင်ငံရှိ တက္ကသိုလ်များတွင် မြန်မာ ကျောင်းသား ကျောင်းသူ အများဆုံး တက်ရောက်နေသည့် တက္ကသိုလ်ဖြစ်သည်။

ယနေ့အခမ်းအနားတွင် နိုင်ငံတော်သမ္မတက မြန်မာကျောင်းသားများအတွက် ပညာသင်ဆုများ ပိုမိုပေးအပ်ရန် တိုက်တွန်းခဲ့ကြောင်းနှင့် ဘူဆန်မြို့တွင် သီတင်းသုံးနေသည့် ဓမ္မယာနပြည်တော်ဦးဆရာတော် ဘဒ္ဒန္တ အရှင်ပဏ္ဍိစ္စကလည်း မြန်မာကျောင်းသားများ ပညာတော်သင်ဆု ဖြေဆိုခွင့်ရအောင် ကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယား၌ ပညာသင်ကြားနေသော မြန်မာကျောင်းသားများနှင့် အမှတ်တရဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

တိုးတက်လာသည်ကို နှစ်ထောင်းအားရစွာ မြင်တွေ့နေရပါကြောင်း၊ ကိုရီးယားနိုင်ငံမှ အာဆီယံသို့ စီးဝင်လာသော ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် သိသာစွာ တိုးတက်လာခဲ့ရာ ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ မှ ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဘီလီယံသို့ နှစ်ဆမြင့်တက်လာသည်ကို သိရှိရပါကြောင်း၊ အာဆီယံသည် ကိုရီးယားနိုင်ငံ၏ ဒုတိယအကြီးမားဆုံးသော ကုန်သွယ်ဖက်အဖွဲ့အစည်းလည်းဖြစ်ပါကြောင်း။

အာဆီယံ-ကိုရီးယားကုန်စည်ဆိုင်ရာ ကုန်သွယ်မှု သဘောတူညီချက်တွင် ထပ်လောင်းဖြေလျှော့မှု၊ ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုပိုမိုခိုင်မာလာမည် ဖြစ်ပါကြောင်း။

မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုသည်လည်း ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းစေရေး၊ ဒေသဆိုင်ရာပေါင်းစည်းဆက်နွယ်မှု၊ စီးပွားရေးပေါင်းစည်းမှု၊ အာဆီယံအသိုက်အဝန်း တည်ထောင်မှုတို့ကို အထောက်အကူပြုစေသည့်အတွက် အာဆီယံနှင့်ကိုရီးယား စီးပွားရေးခေါင်းဆောင်များအနေဖြင့် ယင်းလုပ်ငန်းစဉ်တွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း။

အာဆီယံ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေဆိုင်ရာ လမ်းညွှန်ချက်ချမှတ်ခြင်းအပါအဝင် အာဆီယံနှင့်ကိုရီးယားအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လှုပ်ရှားမှုများတွင် တိုးတက်မှုများရရှိလျက်ရှိပါကြောင်း၊ အာဆီယံ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ကိုရီးယား-အာဆီယံ စီးပွားရေးကောင်စီနှင့် ကိုရီးယား-အာဆီယံ စက်မှုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကွန်ရက်တို့ကို ထိရောက်စွာအသုံးပြုသွားရမည်ဖြစ်ပါကြောင်း။

ယနေ့ အာဆီယံဒေသ၏ စုစုပေါင်း ဂျီဒီပီသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံရှိပြီး ကမ္ဘာပေါ်တွင် သတ္တမမြောက် အကြီးဆုံးသော စီးပွားရေးအသိုက်အဝန်းအဖြစ် တည်ရှိနေပြီဖြစ်ပါကြောင်း၊ လက်ရှိရရှိနေသည့် စီးပွားရေးအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းသွားနိုင်မည်ဆိုပါက ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်၌ စတုတ္ထမြောက်အကြီးဆုံး စီးပွားရေးအသိုက်အဝန်း ဖြစ်လာမည်ဟု မျှော်မှန်းလျက်ရှိကြပါကြောင်း။

အာဆီယံအနေဖြင့် အာရှ-ပစိဖိတ်ဒေသတွင်းရှိ အခြားသောနိုင်ငံများနှင့် ဒေသဆိုင်ရာ ဘက်စုံစီးပွားရေးမိတ်ဖက်ပြုမှုဖြစ်စဉ်တွင် အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့သည် အာဆီယံနှင့် ဆက်သွယ်ပေါင်းစပ်ပြီး လွတ်လပ်သည့် ကုန်သွယ်မှု၊ မိတ်ဖက်ပြုမှု ပါဝင်လာမည်ဖြစ်ပါကြောင်း၊ လက်ရှိအကောင်အထည်ဖော်နေသည့် လွတ်လပ်သော ကုန်သွယ်မှုနယ်မြေသည် ၁၆ နိုင်ငံမှ ပြည်သူသန်း ၃၀၀၀ ပါဝင်ပြီး ဂျီဒီပီအားဖြင့် ၁၇ ထရီလီယံရှိသည့်အတွက် ကမ္ဘာ့ကုန်သွယ်မှု၏ ၄၀ ရာခိုင်နှုန်း ရှိပါကြောင်း၊ စီးပွားရေးခေါင်းဆောင်များအနေဖြင့် အခွင့်အလမ်းအဖြစ် ထိရောက်စွာအသုံးပြုပြီး ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

အာဆီယံအနေဖြင့် ပြည်သူကိုဗဟိုပြုသည့် အဖွဲ့အစည်းအဖြစ် တည်ထောင်လျက်ရှိသည့်အတွက် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုနှင့် ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုကို စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၌ အလေးထားရမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ညီမျှသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အလေးပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဦးစားပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

(၂၅)နှစ် သက်တမ်းရှိပြီဖြစ်သည့် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေးကို ပိုမိုရင့်ကျက်ခိုင်မာစေရန် လက်ရှိဖြစ်ပေါ်လျက်ရှိသည့် စီးပွားရေးအခြေအနေများကို အခြေပြုပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများ တီထွင်ဖန်တီးကာ အာဆီယံ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်ကို မြှင့်တင်ရမည်ဖြစ်ပါကြောင်း၊ အာဆီယံနှင့် ကိုရီးယားအကြား ကဏ္ဍစုံတွင် ယုံကြည်မှုတည်ဆောက်ပြီး ပျော်ရွှင်မှုများဖြစ်ထွန်းသည့် ဆက်ဆံရေးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း။

ယခုညီလာခံမှ အာဆီယံနှင့် ကိုရီးယားနိုင်ငံတို့အတွက် အနာဂတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်မည့်အတွေးအခေါ်ကောင်းများနှင့် အမြင်များ ရင်းနှီးပွင့်လင်းစွာ ဖလှယ်နိုင်ကြပြီး အနှစ်သာရ ပြည့်ဝသည့် ရလဒ်ကောင်းများပေါ်ထွက်လာနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ် ပတ်ဂွန်ဟေးက အမှာစကားပြောကြားခဲ့သည်။ **(သတင်းစဉ်)**

# အိန္ဒိယ၏အရေးပါဆုံး ကာကွယ်ရေးမဟာမိတ် ရုရှားနိုင်ငံဆက်လက်ရပ်တည်နေဟု ဝန်ကြီးချုပ်မိုဒီပြော



**နယူးဒေလီ ဒီဇင်ဘာ ၁၁**

အိန္ဒိယနိုင်ငံသည် ယနေ့အချိန်အခါတွင် ရွေးချယ်ရန် အခွင့်အလမ်းများစွာ တိုးပွားနေကြောင်း၊ ရုရှားနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ အရေးပါဆုံးသော ကာကွယ်ရေးမဟာမိတ် နိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိကြောင်း ဝန်ကြီးချုပ် နရိန္ဒြာမိုဒီက ယနေ့ပြောကြားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ပူးတွဲသတင်းစာ ရှင်းလင်းပွဲကျင်းပရာ၌ သမ္မတပူတင်ကို အိန္ဒိယနိုင်ငံက လှိုက်လှဲစွာ ကြိုဆိုကြောင်း၊ ဒေလီမြို့တွင် ၎င်းကို ဧည့်ဝတ် ပြုရခြင်းအတွက် ဂုဏ်ယူကြောင်း ဝန်ကြီးချုပ် မိုဒီက ပြောသည်။

ယခုအကြိမ်သည် သမ္မတပူတင်အတွက် (၁၁)ကြိမ် မြောက် နှစ်နိုင်ငံထိပ်သီးဆွေးနွေးပွဲဖြစ်ပြီး ၎င်းအတွက်မူ ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် အားသစ်လောင်းရန် လိုအပ်မည်ဟု ယုံကြည်ကြောင်း မိုဒီက ဆက်လက်ပြောသည်။

ရုရှားနိုင်ငံသည် အနောက်အုပ်စု၏ စီးပွားရေးဒဏ်ခတ်မှုနှင့် ရင်ဆိုင်နေရစဉ် ကာကွယ်ရေး၊ စွမ်းအင်နှင့်ကုန်သွယ်ရေးကဲ့သို့သော နှစ်နိုင်ငံအကြား အလွန်အရေးပါသော အခန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ထပ်မံတိုးမြှင့်ရန် သမ္မတ ပူတင်က ဝန်ကြီးချုပ် မိုဒီနှင့် ယနေ့စောစောပိုင်းတွင် ဆွေးနွေးခဲ့သည်။

ရုရှားသမ္မတဗလာဒီမာပူတင်၏ အိန္ဒိယခရီးစဉ်အတွင်း နှစ်နိုင်ငံအနေဖြင့် ဒေါ်လာဘီလီယံပေါင်းများစွာ ကုန်ကျမည့် နျူကလီးယားစွမ်းအင်၊ ရေနံနှင့်ကာကွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများအတွက် စာချုပ်များချုပ်ဆိုခဲ့ကြသည်။

ရုရှားနိုင်ငံပိုင် ရိုဆန်တန် နျူကလီးယားစွမ်းအင် ကော်ပိုရေးရှင်းက အိန္ဒိယနိုင်ငံတွင် နျူကလီးယား ဓာတ်ပေါင်းဖို ၁၂ ခုဆောက်လုပ်ရန်သဘောတူစာချုပ် ချုပ်ဆိုထားခြင်း၊ ရော့စ်နက်ဖ် ရေနံကုမ္ပဏီနှင့် အက်စ်ကာ ရေနံကုမ္ပဏီတို့သည် ၁၀ နှစ်တာအတွက် ရေနံတင်ပို့မှု စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်းနှင့် ရုရှားက အိန္ဒိယနိုင်ငံအတွက် အဆင့်မြင့်နည်းပညာဖြင့်ပြုလုပ်ထားသော ရဟတ်ယာဉ်များကို တပ်ဆင်ပေးမည်ဆိုသည့်အကြောင်းတရားများသည် နှစ်နိုင်ငံ၏ သိသာထင်ရှားသော ပူးပေါင်းဆောင်ရွက်မှုများပင်ဖြစ်သည်။

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် အပြန်အလှန်နားလည်ယုံကြည်မှုများကို တိုးမြှင့်စေသည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်က ၎င်း၏ထုတ်ပြန်ကြေညာချက်ထဲတွင် ထည့်သွင်းပြောကြားသည်။

ရုရှားသမ္မတ၏ အိန္ဒိယခရီးစဉ်သည် နိုင်ငံ၏ လတ်တလောရင်ဆိုင်နေရသော ရေနံဈေးနှုန်းများ ကျဆင်းမှုနှင့် အနောက်နိုင်ငံများ၏စီးပွားရေးပိတ်ဆို့မှုအကျိုးဆက်များကို ဖြေရှင်းနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ **ရိုက်တာ။**



# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေနံယိုဖိတ်မှုဖြစ်ပွား လင်းပိုင်များ ဘေးဥပဒ်ကျရောက်နိုင်

**ဒါကာ ဒီဇင်ဘာ ၁၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဆန်ဒါဘန်း ဒီရေရောက်သစ်တောဒေသ၌ နေထိုင်ကျက်စားသော လင်းပိုင်များနှင့် တောရိုင်းတိရစ္ဆာန်များသည် ရေနံတင်သင်္ဘောတစ်စင်းမှ ယိုဖိတ်သည့် ရေနံကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးဥပဒ်များတွေ့ကြုံရနိုင်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ တာဝန်ရှိသူများက ဒီဇင်ဘာ ၁၁ ရက်တွင် သတိပေးလိုက်ကြသည်။

ရေနံ လီတာ ၃၅၀၀၀၀ ခန့် တင်ဆောင်လာသော ရေနံတင်သင်္ဘောတစ်စင်းသည် အခြားသင်္ဘောတစ်စင်းနှင့် ဒီဇင်ဘာ ၉ ရက်က တိုက်မိခဲ့ရာ ဆန်ဒါဘန်း ဒီရေရောက်သစ်တောဒေသရှိ ရှီလာမြစ်အတွင်း၌ တစ်စိတ်တစ်ဒေသ နစ်မြုပ်ခဲ့ပြီး ရေနံယိုဖိတ်ခဲ့သည်။

မျိုးသုဉ်းနိုင်သည့် ရှားပါး တိရစ္ဆာန်များတွင် ပါဝင်သော ဧရာဝတီလင်းပိုင်နှင့် ဂင်္ဂါလင်းပိုင်များ နေထိုင်ကျက်စားရာ ဆန်ဒါဘန်း ဒီရေရောက် သစ်တောဒေသသည် ယင်းရေနံယိုဖိတ်မှုကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးဥပဒ်များ ကျရောက်နိုင်ကြောင်း ဒေသဆိုင်ရာ သစ်တောဌာန အကြီးအကဲ အေမီယာ ဟူစိန်က ပြောကြားသည်။

ရေနံယိုဖိတ်မှုကြောင့် ပင်လယ်ကမ်းရိုးတန်းဒေသ၌ ညစ်ညမ်းမှုဖြစ်ပေါ်ခဲ့ရပြီးဖြစ်ကြောင်း၊ ဒေသဆိုင်ရာ ဂေဟစနစ်ကို ထိခိုက်စေနိုင်ကြောင်း ၎င်းက ပြောကြားသည်။

ရေနံယိုဖိတ်မှုကို သုတ်သင်ရှင်းလင်းမှု စတင်ပြုလုပ်နေပြီဖြစ်ကြောင်း၊ သို့ရာတွင် စက်ကိရိယာနှင့် ကျွမ်းကျင်မှု နည်းပါးသည့် အခက်အခဲများရှိနေကြောင်း၊ ရေနံတင်သင်္ဘောကို ဆယ်ယူနိုင်ရန် ရေတပ်က ကြိုးပမ်းလျက်ရှိကြောင်း အေမီယာ ဟူစိန်က ပြောကြားသည်။

**ပီတီအိုင်။**

# ဟောင်ကောင်ဆန္ဒပြသူများ၏ အဓိကသပိတ်စခန်းကို ရဲတပ်ဖွဲ့က ရှင်းလင်းဖယ်ရှားပြီး ဆန္ဒပြသူများကို ဖမ်းဆီး

**ဟောင်ကောင် ဒီဇင်ဘာ ၁၁**

ဟောင်ကောင်တွင် နှစ်လကျော်ကြာမျှ အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများ ဖြစ်ပွားပြီးနောက် ဒီဇင်ဘာ ၁၁ ရက်တွင် ဆန္ဒပြသူများ၏ အဓိကသပိတ်စခန်းကို ဟောင်ကောင်ရဲတပ်ဖွဲ့က ရှင်းလင်းဖယ်ရှားခဲ့ပြီး ဒီမိုကရေစီအရေး လှုပ်ရှားသူအများအပြားကို ဖမ်းဆီးခဲ့ကြောင်း ဒေသဆိုင်ရာသတင်းများ၌ ဖော်ပြသည်။

ဆန္ဒပြသူများ၏ သပိတ်စခန်းအနီးရှိ အရံအတားများကို ဟောင်ကောင်ရဲတပ်ဖွဲ့ဝင်များနှင့် တရားရေးဌာန ဝန်ထမ်းများက ရှင်းလင်းဖယ်ရှားစဉ်တွင် ဆန္ဒပြသူအများအပြားမှာ ထွက်ခွာသွားသော်လည်း အချို့မှာမူ ရဲတပ်ဖွဲ့က သတိပေးမှုများရှိနေသည့်တိုင် ယင်းနေရာ၌ ဆက်လက်နေထိုင်ရန် သန္နိဋ္ဌာန်ချခဲ့ကြသည်။

ဟောင်ကောင်ရဲတပ်ဖွဲ့က သပိတ်စခန်း ရှင်းလင်းဖယ်ရှားရေး စစ်ဆင်မှုကို ဒီဇင်ဘာ ၁၁ ရက် နံနက်အစောပိုင်းတွင် စတင်ခဲ့သည်။ ကာလရှည်ကြာ အစိုးရဆန့်ကျင်ရေး ဆန္ဒပြမှုကို စောင့်ကြည့်ခဲ့ပြီးနောက် ဆန္ဒပြမှုအဆုံးသတ်စေရန် အရေးယူဆောင်ရွက်ခြင်းအဖြစ် ရှုမြင်ကြသည်။

ယခုနှစ် စက်တင်ဘာလအတွင်းက ဟောင်ကောင်မြို့ရှိ လမ်းမများပေါ်သို့ ဒီမိုကရေစီလိုလားသူ ထောင်ပေါင်းများစွာသော ဆန္ဒပြသမားများ ထွက်ပေါ်ခဲ့သော်လည်း မကြာသေးမီသီတင်းပတ်အတွင်းမှစ၍ ဆန္ဒပြသူဦးရေ လျော့နည်းသွားခဲ့သည်။

၂၀၁၇ ခုနှစ် ဟောင်ကောင်ဒေသ အုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲတွင် ပေကျင်းအစိုးရ၏ ချုပ်ကိုင်မှုမရှိဘဲ လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ခွင့်ပေးရန် ဆန္ဒပြဆန့်ကျင်သူများက တောင်းဆိုခဲ့ကြသည်။ ဟောင်ကောင်ဒေသသားများအနေဖြင့် လူတိုင်းမဲပေးခွင့် ရရှိမည်ဟုဆိုသော်လည်း ပေကျင်းကို လိုလားသော ကော်မတီတစ်ရပ်က ကိုယ်စားလှယ်လောင်းများကို စိစစ်ရန် ဆောင်ရွက်မည်ဟု တရုတ်အစိုးရက ပြောကြားခဲ့သည်။

**ဘီဘီစီ။**



# ကမ္ဘာ့ပထမဆုံး ရေနက်သတ္တုတူးဖော်ရေးသင်္ဘော တရုတ် တည်ဆောက်မည်

**ဖုကျိုး ဒီဇင်ဘာ ၁၁**

တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျန်ပြည်နယ်တွင် အခြေစိုက်သည့် တရုတ်သင်္ဘောကျင်းလုပ်ငန်း Fujian Mawei Shipbuilding Co Ltd., သည် ၂၀၁၇ ခုနှစ်တွင် လွှဲအပ်ပေးမည့် ကမ္ဘာ့ပထမဆုံး ရေနက်သတ္တုတူးဖော်ရေးသင်္ဘော တည်ဆောက်ရန် စင်ကာပူနိုင်ငံမှ စီးပွားရေးလုပ်ငန်းတစ်ခုဖြင့် သဘောတူညီမှုတစ်ရပ် လက်မှတ်ရေးထိုးခဲ့ကြောင်း ဒီဇင်ဘာ ၁၁ ရက်တွင် ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူ ဝူပင်ချမ်းက စာချုပ်အား စင်ကာပူကုမ္ပဏီတစ်ခုနှင့် လက်မှတ်ရေးထိုးထားကြောင်း အတည်ပြုခဲ့သော်လည်း ကန်ထရိုက်တာ၏အမည်ကို ထုတ်ဖော်ပြောကြားရန် ငြင်းဆန်လိုက်သည်။ ၂၂၇ မီတာရှည်လျား၍ မီတာ ၄၀ ကျယ်ကာ လူပေါင်း ၁၈၀ ထိ တင်ဆောင်နိုင်သည့် ယင်းသင်္ဘောမှာ ကုန်ချိန်အများဆုံး ၄၅၀၀၀ တန်အထိ သယ်ဆောင်နိုင်ကြောင်း သိရသည်။ စွမ်းအင်မဂ္ဂါဝပ် ၃၀ ရှိသည့် ၎င်းသင်္ဘောသည် မီတာ ၂၅၀၀ အနက်အထိ ပင်လယ်ကြမ်းပြင်သတ္တုတူးဖော်ရာတွင် စင်မြင့်တစ်ခုအဖြစ် ဆောင်ရွက်နိုင်ပြီး ရဟတ်ယာဉ်ဆင်းသက်ရန် ကွင်းတစ်ခုလည်း ပါရှိမည်ဖြစ်သည်။

၁၈၆၆ ခုနှစ်တွင် တည်ထောင်ခဲ့သည့် Foochow Arsenal ကို ဆက်ခံသည့် Mawei Shipbuilding Co Ltd., သည် တရုတ်နိုင်ငံ၏ အစောဆုံး စစ်သင်္ဘောတည်ဆောက်ရေးကုမ္ပဏီဖြစ်ပြီး ယခုအခါ သင်္ဘောများ တည်ဆောက်ပြုပြင်နိုင်စွမ်းရှိသော ရှယ်ယာများဖြင့် ဖွဲ့စည်းထားသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်လာသည်။ **ဆင်ဟွာ။**

# ပြည်ပနိုင်ငံများ၏ အကူအညီပေးမှုဖြင့် မော်လ်ဒိုက်ပြည်သူများအား ရေဖြန့်ဝေနိုင်ပြီ

**ကိုလံဘို ဒီဇင်ဘာ ၁၁**

မော်လ်ဒိုက်ကျွန်းနိုင်ငံ၌ သောက်သုံးရေပြတ်လပ်မှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် ပြည်ပနိုင်ငံများ၏ အကူအညီပေးမှုဖြင့် ပြည်သူများအား ရေပြန်လည်ထောက်ပံ့ပေးနိုင်ပြီဖြစ်ကြောင်း သမ္မတရုံးဝန်ကြီးတစ်ဦးက ပြောကြားသည်။

မော်လ်ဒိုက်နိုင်ငံ၏ မြို့တော် မာလီရှိ ရေသန့်စက်ရုံတစ်ရုံ၌ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ဒေသခံပြည်သူတို့ထံ ရေထောက်ပံ့ပေးနိုင်မှုမရှိဘဲဖြစ်ခဲ့ရသည်။ တစ်စတုရန်းမိုင်(နှစ်စတုရန်းကီလိုမီတာ) အကျယ်အဝန်းရှိ မော်လ်ဒိုက်ကျွန်းတွင် ပြည်ပလုပ်သားများအပါအဝင် ပြည်သူ ၁၂၀၀၀၀ ခန့်မှာ လွန်ခဲ့သည့်ရက်များအတွင်း ဘုံပိုင်ရေကို ရယူသုံးစွဲနိုင်ခြင်းမရှိခဲ့ပေ။

မီးလောင်မှုဖြစ်ပွားခဲ့သော ရေသန့်စက်ရုံ၌ စက်ရုံပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် စင်ကာပူနိုင်ငံက စက်ကိရိယာအပိုပစ္စည်းများကို လေကြောင်းမှ တင်ပို့ပေးခဲ့သည်။

ထိုစဉ်အတွင်း အိန္ဒိယနှင့် တရုတ်စစ်သင်္ဘောများက မြို့တော်မာလီ ပြည်သူများအတွက် ရေထောက်ပံ့ပေးနိုင်ရန် ရောက်ရှိလာခဲ့ကြသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ စစ်သင်္ဘောမှာလည်း ယနေ့တွင် မော်လ်ဒိုက်နိုင်ငံသို့ ဆိုက်ရောက်လာမည်ဖြစ်ကြောင်း သမ္မတရုံးဝန်ကြီး မိုဟာမက်ဟူစိန် ရှရစ်ဖ်က ပြောကြားသည်။

**ပီတီအိုင်။**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဖိလစ်ပိုင်နိုင်ငံမှ ပြန်လည်ရောက်ရှိ



**ရန်ကုန် ဒီဇင်ဘာ ၁၁**

ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Hon. Mr. Feliciano Belmonte Jr, ၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ယနေ့ညနေ ၆ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

**ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဖိလစ်ပိုင်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မနီလာမြို့၌ ကြည့်ရှုလေ့လာ

**မနီလာ ဒီဇင်ဘာ ၁၁**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ခေတ္တတည်းခိုသည့် မနီလာဟိုတယ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ နံနက် ၉ နာရီခွဲတွင် ဖိလစ်ပိုင်အမျိုးသားခေါင်းဆောင်ကြီး ဟိုဆေးရီဇာ နေအိမ်ပြတိုက်သို့ ရောက်ရှိကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် ဟိုဆေးရီဇာ ပြတိုက်အတွင်း ကြည့်ရှုလေ့လာကြရာ ပြတိုက်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။


ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် မနီလာမြို့ရှိ အင်ထရာမူရော့ မြို့ဟောင်းနေရာနှင့် ဟိုဆေးရီဇာပန်းခြံသို့ ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ပြည်ထောင်စုလွှတ်တော်နာယက ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ Ninoy Aquino International Airport သို့ ရောက်ရှိကြပြီး ဖိလစ်ပိုင်အောက်လွှတ်တော်မှ တာဝန်ရှိသူများ၊ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးရဲမြင့်အောင်နှင့် သံရုံးဝန်ထမ်းများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး ၎င်းမှတစ်ဆင့် ဆက်လက်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရေး အမြင်ချင်းဖလှယ် ဆွေးနွေး



**မနီလာ ဒီဇင်ဘာ ၁၁**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဖိလစ်ပိုင်အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Franklin Drilon နှင့် ယနေ့ နံနက် ၁၁ နာရီတွင် အထက်လွှတ်တော်အဆောက်အအုံ (၆)လွှာရှိ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသော ဦးသိန်းဇော်၊ ဦးလှမြင့်ဦး၊ ဦးစိုးနိုင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းထွတ်သိန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံလွှတ်တော်များအကြား လက်တွဲပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာကိစ္စရပ်များကို အချင်းချင်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အထက်လွှတ်တော် အဆောက်အအုံသို့ရောက်ရှိစဉ် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

**(သတင်းစဉ်)**

## ဆူးလေဆိပ်ကမ်း၌ မော်တော်ယာဉ်များ စိစစ်ထုတ်ယူခွင့်ပြု

**ရန်ကုန် ဒီဇင်ဘာ ၁၁။** ။ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုထိန်းချုပ်ရေး (Mobile Team) အဖွဲ့များသည် ပြည်တွင်းပြည်ပ ဆိပ်ကမ်း ၁၂ ခုတွင် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၉ ရက်က ၂၀၁၄ ခုနှစ်အတွင်း ပြည်ပနိုင်ငံများမှ တင်သွင်းလာသည့် မော်တော်ယာဉ်များအား သတ်မှတ်ထားသောအထောက်အထားအချက်အလက်များနှင့်အတူ တိုက်ဆိုင်စစ်ဆေးခဲ့သည်။ တင်သွင်းလာသည့် အိမ်စီးမော်တော်ယာဉ်များမှာ ကုမ္ပဏီများ၊ ကိုယ်စားလှယ်များနှင့်ပုဂ္ဂလိကတစ်ဦးချင်းမှ တင်သွင်းခဲ့သည့်ယာဉ်များဖြစ်သည်။

အဆိုပါယာဉ်များအား (Mobile Team) အဖွဲ့မှ စစ်ဆေးသည့်အချိန်တွင် သက်ဆိုင်ရာတင်သွင်းသူများသည် ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာတင်ပြနိုင်ပါက နေ့ချင်းပြီး ထုတ်ယူနိုင်ကြောင်း အဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

ပူးပေါင်းအဖွဲ့မှ စစ်ဆေးရန် ဆူးလေဆိပ်ကမ်းသို့ ရောက်ရှိလာသည့် မော်တော်ယာဉ်များမှ ဒီဇင်ဘာ ၉ ရက်တွင် အစီးရေ ၁၄၇ စီးကို အဖွဲ့ဝင် ၁၅ ဦးဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်မြင့်အေး(ပြန်/ဆက်)**



# ဆင်နွဲပျော်ရွှင် ဗိုလ်ရှုသဘင်

**မြင့်စိုး(ပညာရေးသုတေသန)**

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ဗိုလ်ရှုသဘင်ကို နေပြည်တော်၌ ပြန်လည်ကျင်းပတော့မည်ဖြစ်၍ အတိတ်ကို ပြန်လည်သတိရမှတ်မိနေပါသည်။

၁၉၅၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် တပ်မတော် ကြည်း၊ ရေ၊ လေ စစ်ရေးပြပွဲနှင့် နိုင်ငံတော်သမ္မတကြီး အဂ္ဂမဟာသရေစည်သူ ဒေါက်တာဦးဘဦးအား ချီတက်အလေးပြုပွဲတွင် ကျွန်တော်ပါဝင်သော တက္ကသိုလ်အရန်တပ်ရင်း (UTC) အလေးပြုခွင့်ရပါသည်။

ထိုနှစ်တွင် ကျွန်တော် ဥပစာအပိုင်း(ခ)သို့ ရောက်နေပြီ။ ယူတီစီပါဝင်ခွင့်ရရှိခြင်းမှာ ပထမဦးဆုံးအကြိမ်ဖြစ်သည်။ ဗိုလ်ရှုသဘင်ကို ယခင်က မဟာဗန္ဓုလပန်းခြံ လွတ်လပ်ရေးကျောက်တိုင်ရှေ့တွင် လည်းကောင်း၊ မြို့တော်ခန်းမရှေ့တွင်လည်းကောင်း ကျင်းပခဲ့ရာမှ ၁၉၅၄ ခုနှစ် လွတ်လပ်ရေးနေ့တွင် ရွှေတိဂုံအနောက်ဘက်မုခ်ဦးနှင့်တည့်တည့် ပြည်လမ်းတွင် ဗိုလ်ရှုသဘင်ခန်းမကို တည်ဆောက်ပြီးဖြစ်၍ ထိုနေရာသို့ ပြောင်းရွှေ့ကျင်းပခြင်းဖြစ်သည်။

ယူတီစီတွင် တပ်စုတစ်စုလျှင် လူ ၃၀ ကျော်ပါဝင်သော တပ်စုသုံးစုနှင့်တပ်ခွဲတစ်ခွဲစာ လူ ၁၀၀ ခန့်ပါဝင်ပါသည်။ နိုဝင်ဘာလမှစ၍ တစ်ပတ်နှစ်ကြိမ် နံနက်စောစော စစ်ရေးပြလေ့ကျင့်ရသည်။ ယူတီစီ စစ်ရေးပြကွင်းသို့ နံနက် ၅ နာရီအရောက်သွားရသည်။

ယူတီစီသည် တပ်မတော်၏ အစိတ်အပိုင်းဖြစ်ရာ ထိုအချိန်က မြန်မာ့တပ်မတော်တွင် ကြိုးနှင့်ခွာပါသော သားရေဘွတ်ဖိနပ်များကိုသာ သုံးသည်။ ယူတီစီအဖွဲ့ဝင်များလည်း ထိုနည်းလည်းကောင်းပင်။ စစ်ရေးပြတွင် ပါဝင်ကြသူ ကျောင်းသားများသည် ကိုယ့်ဘွတ်ဖိနပ်ကို ပြောင်လက်နေအောင် ကီဝီဆေးဖြင့် တိုက်ကြရသည်။ ခါးပတ်ခေါင်း၊ ခါးပတ်ကွင်းများက လည်း ကြေးဖြင့်ပြုလုပ်ထားရာ တဖိတ်ဖိတ် အရောင်လက်နေအောင် ဘရာဆိုနှင့် တိုက်ကြရသည်။ မတော်သည့် စစ်ဘောင်းဘီ၊ စစ်အင်္ကျီများကိုလည်း ကြည့်ကောင်းအောင် ပြင်ဆင်ချုပ်ကြရသည်။ ဦးထုပ်မှာ အစိမ်းရင့်ရောင် ဘယ်ရီကက်(ခေါ်)သံပရာခွဲဦးထုပ်ကလေးများဖြစ်သည်။ လက်ယာဘက်သို့ အနည်းငယ်စောင်းပြီး ဆောင်းရသည်။

နံနက်စောစော စစ်ရေးပြကွင်းသို့ရောက်လျှင် တန်းစီ၊ လူစစ်၊ တပ်ဖွဲ့ဝင်အင်အားကို သတင်းပို့အပြီး လက်ဖက်ရည်သောက်ရန် မတ်ခွက်ကိုယ်စီဖြင့် ရှေ့နောက်တန်းစီပြီး လက်ဖက်ရည်နှင့်မုန့်ကိုယူကာ လွတ်လပ်စွာစားသောက်ကြရသည်။ ပျော်စရာကောင်းလှသည်။ တန်းစီရာတွင် တိုးဝှေ့ခြင်း၊ ကျော်တက်ခြင်းမရှိရလေအောင် တပ်ကြပ်ကြီးများက ကြပ်မတ်ပေးကြသည်။

တက္ကသိုလ်အရန်တပ်ရင်း၏ စစ်ရေးပြလေ့ကျင့်မှုများကို ညနေဘက်တွင်ပါဆောင်ရွက်ရပြီး တက္ကသိုလ်နယ်မြေအတွင်း ချီတက်လေ့ကျင့်ကြရသည်။ ယူတီစီကွင်းမှ ပုဂံလမ်း၊ ထိုမှတက္ကသိုလ်ရိပ်သာလမ်း၊ ပြီးတော့ အင်းလျားလမ်း၊ ပြီးတော့ ပြည်လမ်း၊ အဝိုင်းကြီးရောက်တော့ တက္ကသိုလ်ရိပ်သာလမ်းအတိုင်း ယူတီစီကွင်းသို့ ပြန်လည်ချီတက်သည်။ ညီညီညာညာလက်လွှဲ၊ ညီညီညာညာ ဘယ်ညာခြေချသံများကြားတွင် ကျောင်းသားများ၏ စစ်ချီတေးသံများကလည်း မြိုင်လှသည်။ အထူးသဖြင့် အင်းလျားဆောင်၊ ရတနာဆောင်၊ မာလာဆောင်၊ သီရိဆောင်များမှ ကျောင်းသူများ အပြင်ထွက်ကာ ဩဘာလက်ခုပ်သံများ လှိုင်လှိုင်ကြီးပေးခဲ့ကြသည်ကို ခံယူရသည်။

> **နိုင်ငံတော်သမ္မတကြီးသည် ဗိုလ်ရှုသဘင်ခန်းမ စင်မြင့်မှ ကြည်း၊ ရေ၊ လေတပ်ဖွဲ့တို့၏ အလေးပြုမှုကို ခံယူခဲ့သည်။ တပ်မတော်(လေ) တိုက်လေယာဉ်နှင့် ရဟတ်ယာဉ်များကလည်း ပေ ၁၀၀၀ ကျော်အမြင့်မှ အုပ်စုဖွဲ့ပျံသန်းကာ အလေးပြုခဲ့ကြသည်။**

ကြည်း၊ ရေ၊ လေ တပ်ဖွဲ့အားလုံး၏ စုပေါင်းစစ်ရေးပြအစမ်းလေ့ကျင့်မှုကို ဒီဇင်ဘာလအတွင်း နှစ်ကြိမ်၊ သုံးကြိမ်ပြုလုပ်ခဲ့ရာတွင် ယူတီစီပါဝင်ခဲ့သည်။ မြို့မကျောင်းရှေ့ မိုင်ဒါကွင်းမှထွက်ပြီး ပဲခူးကလပ်လမ်းကိုဖြတ်၍ ပြည်လမ်းမကြီးအတိုင်း ချီတက်ခြင်းဖြစ်သည်။ ယခင်က ရွှေတိဂုံစေတီတော်ကြီးနှင့် တည့်တည့် ပြည်သူ့လွှတ်တော်ဘက်ခြမ်းတွင် ဗိုလ်ရှုသဘင်စင်မြင့်ရှိသည်။

လွတ်လပ်ရေးနေ့ရောက်ပြီ။ ထိုနေ့နံနက် ၃ နာရီတွင် ယူတီစီကွင်းသို့ အရောက်သွားကြရပြီး ထိုမှတစ်ဆင့် မိုင်ဒါကွင်းသို့ ၃ နာရီခွဲအရောက်ပို့ပေးသည်။ မြန်မာ့လွတ်လပ်ရေးလက်ခံရရှိသည့် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံ အလံတင်အခမ်းအနားနှင့် အလံတော်အလေးပြုပွဲကျင်းပသည်။ တပ်မမှူး၏ ဩဝါဒကိုခံယူပြီး နောက်တပ်ဖွဲ့အလိုက် အဆာပြေစားကြရသည်။

နံနက် ၅ နာရီခွဲမှစ၍ တပ်အလိုက်၊ တပ်ခွဲအလိုက် ဗိုလ်ရှုသဘင်သို့ချီတက်ကြရသည်။ ကျွန်တော်တို့မိုင်ဒါကွင်းမှ ထွက်ရသည့်အချိန်မှာ ၆ နာရီခန့်တွင် ဖြစ်သည်။ ဗိုလ်ရှုသဘင်ရှေ့သို့ ရောက်ခါနီးတွင် "တက္ကသိုလ်အရန်တပ်ရင်း အလေးပြုရန်ချီတက်လာပါပြီခင်ဗျား" ဟူသော စပီကာဖြင့် ကြေညာသံအဆုံးတွင် လက်ခုပ်သံများ မြည်ဟည်းပေါ်ထွက်လာလေသည်။ ကြက်သီးမွေးညင်း ထောင်ထလာသည်အထိ ဝမ်းသာပီတိဖြစ်မိသည်။

ဗိုလ်ရှုသဘင်သို့ လာရောက်ကြည့်ရှုအားပေးသူများတွင် တက္ကသိုလ်ကျောင်းသားကျောင်းသူများသာမက မိဘပြည်သူများ၏ လှိုက်လှဲသောအားပေးမှုကလည်း အံ့မခန်းပင်။

နိုင်ငံတော်သမ္မတကြီးသည် ဗိုလ်ရှုသဘင်ခန်းမ စင်မြင့်မှ ကြည်း၊ ရေ၊ လေတပ်ဖွဲ့တို့၏ အလေးပြုမှုကို ခံယူခဲ့သည်။ တပ်မတော်(လေ) တိုက်လေယာဉ်နှင့် ရဟတ်ယာဉ်များကလည်း ပေ ၁၀၀၀ ကျော်အမြင့်မှ အုပ်စုဖွဲ့ပျံသန်းကာ အလေးပြုခဲ့ကြသည်။

ကျွန်တော် ယခုအသက် (၈၁)နှစ်ရှိပြီ။ ဗိုလ်ရှုသဘင်ကိုသတိရ၍ တွေးမိတိုင်း မနေ့တစ်နေ့ကလိုပင် ခံစားရသည်။

ဗိုလ်ရှုသဘင်ဂုဏ်ပြုတေးကိုလည်း ကြားယောင်နေမိသေးတော့သည်။

"လာလာချေပြီ. . . . ပျို့ချစ်ဦးလည်း ထူးတဲ့ဇာနည် တပ်မတော်ရှေ့တန်းဆီ၊ မှန်းဆကာမြူတွေလည်း လူလုံးမကွဲတော့သည်။ ပဝါဖြူလေးယမ်းကာပဲ မေကလည်း မောင့်ကိုကြည့်သည်။ မောင်ကလည်း မေ့ကိုကြည့်သည်။ အားပေးကြွေးကြော်ညံစီစီ၊ လွတ်သဘင်ပွဲဆင်နွှဲခါတော်မီ"။ ။




လွတ်လပ်ရေးသဘင်တွင် နိုင်ငံတော်သမ္မတအား ချီတက်အလေးပြုကြစဉ်။

## လှည်းကူးမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဂီတအစည်းအရုံးဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် ညနေ ၃ နာရီက မြို့နယ် မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဗဟိုဥက္ကဋ္ဌ ဦးတင်ဦးလေးနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းအောင်၊ မြို့နယ်ဂီတ အစည်းအရုံး အလုပ်အမှုဆောင်များ၊ ဂီတဝါသနာရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **လှကြွယ်(မြန်/ဆက်)**




**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**မြေဖို့ခြင်းနှင့်လမ်းပြုလုပ်ခြင်း ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပညာရေးဝန်ကြီးဌာန၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ တောင်ငူပညာရေးကောလိပ်တွင် အောက်ဖော်ပြပါ မြေဖို့ခြင်းနှင့် လမ်းပြုလုပ်ခြင်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်းတည်နေရာ၊ တိုင်းဒေသကြီး၊ ဆောင်ရွက်မည့်လုပ်ငန်း | | |
|---|---|---|---|
| | ပဲခူး(အရှေ့) | တောင်ငူပညာရေးကောလိပ် | - တည်ဆောက်ရေးမြေဧရိယာအတွင်းတွင် မြေကျင်း(၇၀၄၀၉)ကျင်းဖြင့် မြေဖို့ခြင်းနှင့် မြေညှိ၊ မြေသိပ်ခြင်း<br>- လမ်းပိုင်း(၁)(၆၂၄'×၁၄'×၅')အား မြေသားတင်၍ လမ်းနှင့်မြောင်းပြုလုပ်ခြင်း၊ RC Box Culvert (၁၄'×၅')(၂)ခု ပြုလုပ်ခြင်း<br>- လမ်းပိုင်း(၂) (၆၆၄'×၁၂'×၅')အား မြေသားတင်၍ လမ်းနှင့်မြောင်းပြုလုပ်ခြင်း၊ RC Box Culvert (၁၄'×၅')(၂)ခု ပြုလုပ်ခြင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို (၁၅-၁၂-၂၀၁၄)ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါများကို (၂၃-၁၂-၂၀၁၄) ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေး ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါ ပုံစံ တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့်အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ-ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၃)၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၃၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကြီးကြပ်ရေးအဖွဲ့**





နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ် ပတ်ဂွန်ဟေးတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကိုရီးယားသမ္မတ မဒမ် ပတ်ဂွန်ဟေးတို့ တွေ့ဆုံဆွေးနွေး

ဘူဆန် ဒီဇင်ဘာ ၁၁

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ် ပတ်ဂွန်ဟေး တို့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ် တွင် ဘူဆန်မြို့ရှိ BEXCO Convention Hall ၌ တွေ့ဆုံဆွေးနွေးကြသည်။** (အောက်ပုံ)

နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲတွင် အစိုးရချင်းသာမက ပြည်သူချင်း၊ လွှတ်တော်ချင်း၊ တပ်မတော်ချင်း အပြန်အလှန် ပိုမိုပူးပေါင်းဖလှယ်ရေး၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များကို တန်ဖိုးမြင့် ထုတ်လုပ်နိုင်ရေးအတွက် အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ထွန်းကားရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍများတွင် အပြန်အလှန်ဖလှယ်မှု တိုးမြှင့်ရေး၊ ဆိပ်ကမ်းနှင့် ရေလမ်းကြောင်း ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းရေးနှင့် ဇီဝလက်နက်မပြန့်ပွားရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံအကြား သံတမန်ဆက်ဆံမှုသည် ၂၀၁၅ ခုနှစ်တွင် နှစ်လေးဆယ်ပြည့်မည်ဖြစ်ရာ နှစ်နိုင်ငံစလုံးတွင် အထိမ်းအမှတ်အခမ်းအနားများကျင်းပရန် စီစဉ်ထားရှိကြောင်း သိရသည်။

သမ္မတဟောင်း အီမြောင်ဘတ်သည် နှစ်သုံးဆယ်အတွင်း တောင်ကိုရီးယားသမ္မတတစ်ဦး၏ ပထမဆုံးလာရောက်သည့် ခရီးစဉ်အဖြစ် ၂၀၁၂ ခုနှစ် မေလတွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည်။ ထို့ပြင် လက်ရှိသမ္မတ မဒမ် ပတ်ဂွန်ဟေးအနေဖြင့်လည်း နှစ်ဖက်အဆင်ပြေသည့်အချိန်တွင် မြန်မာနိုင်ငံသို့ လာရောက်လည် ပတ်ရန် နိုင်ငံတော်သမ္မတက ဖိတ်ကြားခဲ့ရာ တောင်ကိုရီးယားသမ္မတက လက်ခံခဲ့သည်။ မြန်မာနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် နှစ်နိုင်ငံအကြား တရားဝင်ဖွံ့ဖြိုးရေး အကူအညီ(ODA)၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF)နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) အစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကိုရီးယား-မြန်မာပူးပေါင်းဆောင်ရွက်မှုအဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း(Myanmar Development Institute-MDI)နှင့် ကျေးရွာသစ်လှုပ်ရှားမှု အကောင်အထည်ဖော်ရေး စီမံကိန်း(The Saemaul-Undong- New Village/ Community Movement) စတင်သည့် အခမ်းအနားကို နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် ယခုနှစ်ဒီဇင်ဘာ ၂ ရက်က ကျင်းပနိုင်ခဲ့သည်။ ဤအစီအစဉ်သည် မြန်မာနိုင်ငံရှိ ကျေးလက်နှင့်မြို့ပြအကြား ဆင်းရဲချမ်းသာကွာဟမှုကို လျှော့နည်းအောင် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် မြန်မာနိုင်ငံ၏ ဆဋ္ဌမမြောက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ကုန်သွယ်မှုတန်ဖိုး ဒေါ်လာသန်းပေါင်း ၁၅၇၀ ရှိကာ ၂၀၁၄ ခုနှစ် စက်တင်ဘာလအထိ တောင်ကိုရီးယားနိုင်ငံမှကုမ္ပဏီများက ဒေါ်လာသန်းသုံးထောင်ကျော် ရင်းနှီးမြှုပ်နှံခဲ့ကြောင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှု၌ အဆင့် (၆)တွင်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Diplomacy မဂ္ဂဇင်း ဥက္ကဋ္ဌအား တွေ့ဆုံပြီး မေးမြန်းမှုများ ဖြေကြား

**ဘူဆန် ဒီဇင်ဘာ ၁၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် Diplomacy မဂ္ဂဇင်း စတင်တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ Dr. Thok – Kyu Limb အား ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီ ခွဲတွင် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ရှိ Paradise ဟိုတယ်၌ လက်ခံတွေ့ဆုံပြီး မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ တွေ့ဆုံမေးမြန်းမှုတွင် Dr. Thok-Kyu Limb က နိုင်ငံတော်သမ္မတ၏ ၂၀၂၀ မြန်မာနိုင်ငံမျှော်မှန်းချက် (Vision) ကို မေးမြန်းရာ နိုင်ငံတော်သမ္မတက ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ လက်နက်ကိုင်ပဋိပက္ခများအားလုံး အဆုံးသတ်ပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို တည်ဆောက်ပြီးဖြစ်ရန်၊ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံ (LDC)မှ ရုန်းထွက်ပြီးဖြစ်ရန်၊ မြန်မာနိုင်ငံကို အလယ်အလတ်ဝင်ငွေရှိသည့် နိုင်ငံအဆင့်သို့ရောက်ရှိစေရန် မျှော်မှန်းထားကြောင်းနှင့် ထိုမျှော်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ၊ အခြေခံကောင်းများ တည်ဆောက် အကောင်အထည် ဖော်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးရဲထွဋ်၊ ကိုရီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Diplomacy မဂ္ဂဇင်းဥက္ကဋ္ဌ Dr. Thok–Kyu Limb ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။** (သတင်းစဉ်)

# ရန်ကုန်မြို့နေပြည်သူများ ရေလုံလောက်စွာရရှိနိုင်ရန် ဆောင်ရွက်လျက်ရှိသည့် လဂွန်းပြင် ရေပေးဝေရေးစီမံကိန်း

ရန်ကုန် ဒီဇင်ဘာ ၁၁

**ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်ဖြစ်လာသည်နှင့်အညီ တစ်နေ့တခြား လူဦးရေတိုးတက်များပြားလာသည်။ ထိုတိုးတက်များပြားလာသော မြို့နေလူဦးရေအတွက် သန့်ရှင်းသောရေလုံလောက်စွာ ရရှိနိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရေပေးဝေရေး စီမံကိန်းများကို ဆောင်ရွက်လျက်ရှိသည်။**

လက်ရှိတွင် ရန်ကုန်မြို့နေ ပြည်သူများအတွက် ဂျိုးဖြူလှော်ကား၊ ဖူးကြီး၊ ငမိုးရိပ် စသည့်ရေပေးဝေရေး စီမံကိန်းများ၊ ရေလှောင်ကန်များနှင့် စက်ရေတွင်းများမှ နေ့စဉ်ရေဂါလန် ၂၀၅ သန်း ပေးဝေလျက်ရှိသည်။ ဆက်လက်၍ ရန်ကုန်မြို့နေပြည်သူများ ရေအလုံအလောက်ရရှိစေရန် လဂွန်းပြင် ရေပေးဝေရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လဂွန်းပြင်ရေပေးဝေရေး စီမံကိန်းသည် ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၂) လမ်းမကြီးဘေးတွင် ရှိသည်။စီမံကိန်းလုပ်ငန်းမှာ ၇၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အဆိုပါစီမံကိန်းကို ၂၀၁၃ ခုနှစ် မေလက စတင်ခဲ့သည်။ တည်ဆောက်ရေးလုပ်ငန်းကြီး တစ်ခုလုံး ပြီးစီးပါက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်သို့ ရေဂါလန် ခြောက်သန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)သို့ ရေဂါလန် ခြောက်သန်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)သို့ ရေဂါလန် ခုနစ်သန်းနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)သို့ ရေဂါလန် ခုနစ်သန်း၊ သာကေတမြို့နယ်သို့ ရေဂါလန် သုံးသန်း၊ ဒေါပုံမြို့နယ်သို့ ရေဂါလန် တစ်သန်းတို့နှင့် သီလဝါ စက်မှုဇုန်သို့ ရေဂါလန် ၁၀ သန်း စုစုပေါင်း ဂါလန်သန်း ၄၀ ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရေယူအဆောက်အအုံ၊ အနည်ထိုင်ကန်၊ ရေတွန်းစက်ရုံ၊ အကြိုအနည်ထိုင်ကန်၊ ဓာတ်အားပေးစက်ရုံစသည်တို့ကို တည်ဆောက်သွားပြီး ရေပိုက်ဆက်သွယ်ခြင်း လုပ်ငန်းများကိုမူ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JICA) နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကာ ၂၀၁၅ ခုနှစ်အတွင်း လုပ်ငန်းများပြီးစီး၍ ရေပေးဝေနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ရေလေလွင့်မှုမရှိစေရန်အတွက် ရေလေလွင့် ထိန်းသိမ်းမှုစနစ်ကို လက်ရှိ (JICA)နှင့် ပူးပေါင်းဆောင်ရွက်နေပြီး နောက်ပိုင်းတွင် ရေထိန်းစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**(ရီရီမြင့်)**

□□

ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂုဏ်ပြုကြိုဆိုညစာစားပွဲအခမ်းအနားသို့ တက်ရောက်နှုတ်ခွန်းဆက်စကားပြောကြား



**ဘူဆန် ဒီဇင်ဘာ ၁၁**

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ယနေ့ညနေပိုင်းတွင် ဘူဆန်မြို့ရှိ BEXCO Convention Hall ၌ ကျင်းပသည့် Cultural Experience of Korean Traditional Arts and Crafts ပြပွဲနှင့် ဂုဏ်ပြုကြိုဆိုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်သည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် Cultural Experience of Korean Traditional Arts and Crafts ပြပွဲသို့ ရောက်ရှိပြီး ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုသည်။

ညပိုင်းတွင် ဂုဏ်ပြုကြိုဆိုညစာစားပွဲကို ကျင်းပရာ ရှေးဦးစွာ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ်ပတ်ဂွန်ဟေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားခဲ့သည်။**(ယာပုံ)**

ဂုဏ်ပြုကြိုဆိုညစာစားပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ်ပတ်ဂွန်ဟေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ဂျပန်အစိုးရမှ အမေရိကန်ဒေါ်လာ ၄၃၇၅၅၁ တန်ဖိုးရှိ စီမံကိန်းလေးခုထောက်ပံ့

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Tateshi HIGUCHI နှင့် ထောက်ပံ့ရေးစီမံကိန်းလေးခုမှ တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌများသည် အမေရိကန်ဒေါ်လာ ၄၃၇၅၅၁ တန်ဖိုးရှိ အထောက်အပံ့ပေးရေး သဘောတူစာချုပ်များကို ဒီဇင်ဘာ ၉ ရက်တွင် လက်မှတ်ရေးထိုးကြသည်။

အဆိုပါ စီမံကိန်းများမှာ ကချင်ပြည်နယ် တနိုင်းမြို့နယ်ဆေးရုံ ဆေးရုံသုံးပစ္စည်းများပံ့ပိုးရေးစီမံကိန်း၊ ပူတာအိုမြို့နယ် မဒါန်ရှန်ဂေါင်းအခြေခံပညာ အလယ်တန်းကျောင်းခွဲဆောက်လုပ်ရေးစီမံကိန်း၊ ဆွမ်ပရာဘွမ်မြို့နယ် ခကရန်းရန်ကျေးလက်ကျန်းမာရေးဆေးပေးခန်းခွဲ ဆောက်လုပ်ရေးစီမံကိန်းနှင့် မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ယောလက်ပန်ကျေးလက်ကျန်းမာရေးဆေးပေးခန်းခွဲ ဆောက်လုပ်ရေးစီမံကိန်းတို့ ဖြစ်သည်။

ခုတင် ၅၀ ဆံ့ တနိုင်းဆေးရုံ စီမံကိန်းသည် ကချင်ဒေသခံ ၆၁၄၆၉ ဦးအတွက် အကျိုးခံစားခွင့်ရှိမည်ဖြစ်သည်။

မဒါန်ရှန်ဂေါင်း အခြေခံပညာအလယ်တန်းကျောင်းခွဲ အတွက် ကျောင်းသုံးပရိဘောဂ အစုံအလင်ပါဝင်သော ကျောင်းဆောင်သစ်တစ်ဆောင် ထောက်ပံ့ပေးခြင်းဖြစ်သည်။

ခကရန်းရန်ကျေးလက်ကျန်းမာရေးဆေးပေးခန်းခွဲစီမံကိန်းသည် ကချင်မျိုးနွယ်စု ဂျိမ်းဖောလူမျိုးများကို အကျိုးခံစားမှုရရှိမည်ဖြစ်သည်။

ယောလက်ပန်ကျေးရွာ၌ သူနာပြုဆရာမအိမ်ရာ ပါဝင်သောကျေးလက်ကျန်းမာရေးဆေးပေးခန်းခွဲ တစ်ဆောင် ထောက်ပံ့ပေးခဲ့သည်။

ဂျပန်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံတွင် အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်ဖြင့် ၁၉၉၃ ခုနှစ်မှ စတင်ပြီး စီမံကိန်းပေါင်း ၇၀၄ ခုကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်ရာ ပညာရေးထောက်ပံ့ရေးစီမံကိန်းပေါင်း ၃၂၀ ခု၊ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်မြှင့်တင်ရေးစီမံကိန်းပေါင်း ၁၇၉ ခုနှင့် လူမှုဖူလုံရေးနှင့် ပတ်ဝန်းကျင်စီမံကိန်းပေါင်း ၁၃၆ ခု၊ အခြေခံအဆောက်အအုံစီမံကိန်း ၃၂ ခုနှင့် အခြားစီမံကိန်း ၃၆ ခုတို့ကို ဆောက်လုပ်ကူညီခဲ့ပြီးဖြစ်ရာ ယခုနှစ်တွင် မြန်မာ-ဂျပန်နှစ်နိုင်ငံသံတမန်တည်ထောင်မှု အနှစ်(၆၀)ပြည့်တော့မည်ဖြစ်သည့် နှစ်နိုင်ငံချစ်ကြည်ရေးကိုလည်း ပိုမိုတိုးတက်ခိုင်မာလာစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲအတွက် ဆောင်ရွက်နေမှုများပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချယ်နှင့် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှ ပစိဖိတ် နှင့်အရှေ့တောင်အာရှ ပင်မနယ်မြေ ရေးရာညွှန်ကြားရေးမှူး Mr. Raymond Richhart တို့အား ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ အမေရိကန်သံအမတ်ကြီးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် ဆောင်ရွက်နေမှုများကို သိရှိလိုကြောင်း ပြောကြားခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိုင်ငံတကာအထောက်အကူပြုအဖွဲ့အစည်းဖြစ်သည့် IFES အဖွဲ့နှင့်ပူးပေါင်း၍ မဟာဗျူဟာစီမံကိန်း ၂၀၁၄-၂၀၁၈ ဆောင်ရွက်ခဲ့မှု၊ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်း Pilot Project ဆောင်ရွက်ခဲ့မှု၊ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် ကွန်ပျူတာစနစ်အတွင်း ထည့်သွင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ Main Server ထားရှိ၍ မဲဆန္ဒရှင်များအနေဖြင့် Online မှ ကြည့်ရှုနိုင်ရေး ဆောင်ရွက်နေမှု၊ နိုင်ငံရေးပါတီများ၊ CSO များနှင့် တွေ့ဆုံညှိနှိုင်းရေးတို့အား ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အခြားနိုင်ငံတကာ အထောက်အကူပြုအဖွဲ့အစည်းများဖြစ်သည့် EU,IDEA,DIPD, ANFERL,NDI,IRI စသည့်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆွစ်ဇာလန်နိုင်ငံသံရုံးအနေဖြင့်လည်း ကူညီဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နည်းဥပဒေများ ပြင်ဆင်ရေးဆွဲရာတွင် နိုင်ငံရေးပါတီများ၊ CSO များသို့ ချပြ၍ အကြံပြုချက်များ ရယူဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် Voter Education,Voter Training များကို ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများ၊ CSO များ၊ မီဒီယာများနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို နိုင်ငံတကာ Observer များအား ခေါ်ယူသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းသို့တွေ့ဆုံရာ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်၊ ဦးဝင်းကို၊ အတွင်းရေးမှူး ဦးတင်ထွန်းနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေး ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေးသည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့တွင် ဒီဇင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် "စတုတ္ထအကြိမ် အာဆီယံ တရားသူကြီးချုပ်များ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ" သို့တက်ရောက်ရန်အတွက် ယနေ့ မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားသည်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးအား ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်းသိရသည်။ **(ကြေးမုံ)**

ပြည်တွင်းရေးရာ

# အကြိမ်(၄၀)မြောက် အာဆီယံဆိပ်ကမ်းများအသင်း အစည်းအဝေး ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၁၁**

အကြိမ်(၄၀)မြောက် အာဆီယံဆိပ်ကမ်းများအသင်းအစည်းအဝေး(40th ASEAN PORTS ASSOCIATION MEETING)ကို မြန်မာနိုင်ငံကအိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ပြီး အစည်းအဝေးကို ဒီဇင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပခဲ့သည်။

အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ ရက်တွင် ကျင်းပခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဉာဏ်ထွန်းအောင်၊ ဒုတိယဝန်ကြီး ဦးဟံစိန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တက္ကသိုလ်ကောလိပ်တို့မှ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီး၊ အာဆီယံဆိပ်ကမ်းများအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးချုပ်နှင့် အာဆီယံဆိပ်ကမ်းများအသင်းအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဦးဉာဏ်ထွန်းအောင်က အာဆီယံဆိပ်ကမ်းများအသင်းကို ၁၉၇၄ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ရာတွင် ဆိပ်ကမ်းဆိုင်ရာ သတင်းအချက်အလက်များဖလှယ်ရေး၊ ကုန်သွယ်မှုလုပ်ငန်းစဉ်များ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေးနှင့် အာဆီယံဆိပ်ကမ်းများအကြားကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရည်ရွယ်ဖွဲ့စည်းခဲ့သည်ဟု သိရှိရကြောင်း။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ၂၀၀၅ ခုနှစ်တွင် အာဆီယံဆိပ်ကမ်းများအသင်း၏ အမြဲတမ်းအသင်းဝင်နိုင်ငံအဖြစ်ဝင်ရောက်ခဲ့ပြီး အခြားသောနိုင်ငံများ၊ ဒေသတွင်း၊ နိုင်ငံတကာဆိပ်ကမ်းများနှင့် ပတ်သက်သည့် အသင်းအဖွဲ့များအကြား ပိုမိုရင်းနှီးစွာဆက်သွယ်ဆောင်ရွက်သွားရန် ရည်ရွယ်၍ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီအာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးတိုးတက်မှုအရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် လည်းကောင်း၊ ဒေသတွင်းလူမှုရေးတိုးတက်လာစေရေးနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးလာစေရေးအတွက်လည်းကောင်း တက်ညီလက်ညီပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အရှေ့တောင်အာရှဒေသနိုင်ငံများအကြား ချမ်းသာကြွယ်ဝပြီး ငြိမ်းချမ်းသာယာသောအသိုက်အဝန်းတစ်ခုဖြစ်ပေါ်လာစေရေးကို ရှေးရှုကာ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် 38th ASEAN Senior Transport Officials Meetings နှင့် 20th ASEAN Transport Ministers Meeting & Associated Meetings များကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ အိမ်ရှင်နိုင်ငံအဖြစ် မန္တလေးမြို့၌ အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့သည့်နည်းတူ ယခုကျင်းပလျက်ရှိသော 40th APA Meeting ကိုလည်းရလဒ်အသီးအပွင့်များဝေဆာစွာဖြင့် အောင်မြင်စွာကျင်းပနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း။

အာဆီယံဆိပ်ကမ်းများအသင်းဝင်များအနေဖြင့် အချင်းချင်း ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ပြီး ပိုမိုလွတ်လပ်သော၊ ပိုမိုကျွမ်းကျင်မှုရှိစေခြင်းနှင့် နိုင်ငံတကာကုန်သွယ်မှုအရေးကိစ္စများတွင် ဈေးကွက်ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိလာအောင် ဆက်လက်၍ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဦးဆောင်ညွှန်ကြားရေးမှူးဦးကျော်မြင့်က မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် အာဆီယံဆိပ်ကမ်းများအသင်း၏ အသင်းဝင်အဖြစ် ကိုးနှစ်တိုင် သက်တမ်းကာလအတွင်း အကြိမ်(၄၀)မြောက် အာဆီယံဆိပ်ကမ်းများအသင်း အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခွင့်ရရှိသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အဆိုပါသက်တမ်းကာလအတွင်း မိမိတို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် အသင်း၏ လုပ်ငန်းဆောင်တာကိစ္စရပ်များကို တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ပြီး ထိုကဲ့သို့ ပူးပေါင်းပါဝင်ခြင်းကြောင့် အာဆီယံဆိပ်ကမ်းများမှ ဆိပ်ကမ်းဖွံ့ဖြိုးရေးနှင့်ပတ်သက်သည့် အတွေ့အကြုံကောင်းများစွာကို လေ့လာသိရှိခဲ့ရပါကြောင်း။

ထို့နောက်ဂျာမနီနိုင်ငံ GIZ အဖွဲ့၏ အကူအညီဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်လျက်ရှိသော ဆိပ်ကမ်းရေရှည်ဖွံ့ဖြိုးရေး ဒုတိယအဆင့် စီမံချက် Phase II of the Project "Sustainable Port Development (SPD) in ASEAN Region"တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိသည့်အပြင် ဘေးကင်းလုံခြုံမှု၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွက် စံညွှန်းသတ်မှတ်ချက်နှင့် ပတ်သက်သည့် လမ်းညွှန်ချက်မူကြမ်းကိုလည်း ပူးပေါင်းပါဝင်ရေးဆွဲရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးအတွက် အမြင်ချင်းဖလှယ်ရေး၊ လုံခြုံရေး၊ ဆိပ်ကမ်းရေလမ်းကြောင်းများ အန္တရာယ်ကင်းရှင်းရေးတို့အပါအဝင် ရာသီဥတုပြောင်းလဲမှု၏ စိန်ခေါ်နေမှုကိစ္စရပ်များကို အာဆီယံဆိပ်ကမ်းများအသင်း၏ အသင်းဝင်နိုင်ငံများ အချင်းချင်းပိုမိုကြိုးပမ်းအားထုတ်ပြီး ပိုမိုခိုင်မာသော အုတ်မြစ်များနှင့် ဘက်စုံလုပ်ငန်းအစီအစဉ်များကိုချမှတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အကြိမ်(၄၀)မြောက် အာဆီယံဆိပ်ကမ်းများအသင်းအစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ပြီး အစည်းအဝေးကို နှစ်ရက်ကြာကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တိုကျိုတက္ကသိုလ်နှင့် မြန်မာအသင်းများ ခြေစမ်းကစား

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ဂျပန်နိုင်ငံမှ တိုကျိုတက္ကသိုလ်အသင်းနှင့် မြန်မာအသင်းများ၏ ခြေစမ်းပွဲ ပထမနေ့ကို ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် သုဝဏ္ဏကွင်း၌ ကျင်းပသည်။

(ပထမပွဲ)

**တိုကျိုတက္ကသိုလ်(ခ) - လေးဂိုး**
**ကမ္ဘောဇ - သုံးဂိုး**

တိုကျိုတက္ကသိုလ် အသင်းမှာ ဦးဆောင်ဂိုး ပေးခဲ့ရသော်လည်း ပုံစံကောင်းများပြသ၍ ကမ္ဘောဇအသင်းကို အနိုင်ကစားနိုင်ခဲ့သည်။ ကမ္ဘောဇအသင်းတွင် စိုးမင်းဦး၊ ကျော်ဇေယျာဝင်း စသည့် အမာခံကစားသမားအချို့ မပါနိုင်သော်လည်း ဝင်းမင်းထွန်း၊ လှအေးထွေး၊ သိန်းသန်းဝင်း၊ နေဇော်ထက်တို့ အပါအဝင် ခေါ်ယူစမ်းသပ်နေသည့် နိုင်ငံခြားသား ကစားသမားများကိုလည်း အသုံးပြုခဲ့သည်။

ပွဲအစပိုင်းတွင် တိုကျိုတက္ကသိုလ်အသင်း ကစားကွက်တည်မရဖြစ်နေ၍ ကမ္ဘောဇအသင်းဖိကစားနိုင်ခဲ့ပြီး ခေါ်ယူစမ်းသပ်နေသည့် နိုင်ငံခြားသား တိုက်စစ်မှူးများဖြစ်သည့် ဂီရောဂျီက ၁၆ မိနစ်နှင့် ဖာလန်က ၁၉ မိနစ်တို့တွင် နှစ်ဂိုးသွင်းယူပေးခဲ့သည်။ မိနစ် ၂၀ နောက်ပိုင်းတွင် တိုကျိုတက္ကသိုလ်(ခ)အသင်း ကစားကွက်ပြန်မိလာပြီး ၂၅ မိနစ်တွင် ကာဇူရှိ၊ ၂၇ မိနစ်တွင် ယူကီရှိမာတို့က ချေပဂိုးများပြန်သွင်းကာ ယာမာဒါက ၇၅ မိနစ်နှင့် ၈၁ မိနစ်တို့တွင် အနိုင်ဂိုးများသွင်းယူပေးခဲ့သည်။ ကမ္ဘောဇအတွက် တတိယဂိုးကို ၈၃ မိနစ်တွင် ဂျင်မီက သွင်းယူပေးခဲ့သည်။

ညနေ ၃ နာရီခွဲတွင် တိုကျိုတက္ကသိုလ်(က)အသင်းနှင့် နည်းပညာတက္ကသိုလ်ညွန့်ပေါင်းအသင်းတို့ ခြေစမ်းကစားရာ တိုကျိုတက္ကသိုလ်အသင်းက ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

နံနက် ၈ နာရီခွဲ

**ရောဝတီ-တိုကျိုတက္ကသိုလ်(က)**

ညနေ ၃ နာရီခွဲ

**နည်းပညာတက္ကသိုလ် -**
**တိုကျိုတက္ကသိုလ်(ခ)**

**(ရှိုင်းထက်ဇော်)**



(၁၄)ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ(၂၀၁၄)ကျင်းပစဉ်။

**❋ မြန်မာ-တရုတ်မှ**

လူသုံးကုန်ပစ္စည်းများ၊ဆောက်လုပ်ရေးပစ္စည်းများ၊စားသောက်ကုန်ပစ္စည်းများ၊ ဓာတ်မြေသြဇာများ၊ ပိုးသတ်ဆေးများ ကုန်သည်/စက်မှုလက်မှုအသင်းအဖွဲ့များနှင့် ကုမ္ပဏီများမှ ပြခန်း ၁၂၄ ခန်း ပါဝင်ပြသခဲ့သည်။

ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေးနှင့် သက်ဆိုင်ရာပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အတွက် နယ်စပ်ဒေသနေပြည်သူများ၊ မြန်မာနိုင်ငံအရပ်ရပ်မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် လယ်ယာစိုက်ပျိုးလုပ်ကိုင်သူများက ပြည်ပပို့ကုန်များတိုးမြှင့်နိုင်ရေးကို ပိုမိုထုတ်လုပ်စိုက်ပျိုးလာခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ကီလိုမီတာ ၁၉၀၀ ကျော် ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြပြီး အထူးသဖြင့် မြန်မာနိုင်ငံရှမ်းပြည်နယ်နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တို့သည် နီးကပ်စွာတည်ရှိနေသည့်အတွက် အပြန်အလှန်ကုန်သွယ်မှုမှာ နှစ်စဉ်တိုးတက်လျက်ရှိသည်။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ငါးနိုင်ငံရှိသည့်အနက် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ မြန်မာ-တရုတ်ကုန်သွယ်မှုသည် နှစ်စဉ်တိုးတက်လျက်ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဘီလီယံရှိသည့်အနက် နယ်စပ်ကုန်သွယ်မှုမှ တစ်ဆင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံအထိရှိခဲ့သည်။ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်းပေါင်း ငါးခုရှိသည့်အနက် မူဆယ်-ကြယ်ဂေါင်-ရွှေလီစခန်းမှ ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံရှိခဲ့သည့်အတွက် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှု၏ ၉၂ ရာခိုင်နှုန်းအထိရှိခဲ့သည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ခဲ့သည့် အကျိုးရလဒ်များအဖြစ် နယ်စပ်ဒေသနေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာခြင်း၊ လမ်းပန်းဆက်သွယ်မှုများ ပိုမိုကောင်းမွန်လာခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုလျင်မြန်သွက်လက်လာခြင်း စသည့် အကျိုးကျေးဇူးများ ပိုမိုခံစားလာရသည်။ ကုန်သွယ်မှုလုပ်ငန်းများ ယခုထက်ပိုမိုအဆင်ပြေစေရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပြီး တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ ပပျောက်သွားစေရေးအတွက်ကိုလည်း ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုအပ်သည်။ တရားမဝင်ကုန်သွယ်မှုများ ရှိနေသရွေ့ တရားဝင်ကုန်သွယ်မှုများ လျော့နည်းသွားစေနိုင်ပြီး ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထိခိုက်စေနိုင်သည်။

နှစ်နိုင်ငံကုန်သွယ်မှုပြုရာတွင် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးမှာ အလွန်အရေးပါသည်။ ထို့ကြောင့် နှစ်နိုင်ငံစားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး ကုန်သွယ်မှုတိုးမြှင့်နိုင်ရန်အတွက် နယ်စပ်ရှိ ကူးသန်းရောင်းဝယ်ရေးစခန်းများတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်ထားရှိပြီးဖြစ်သည့်အတွက် စားသောက်ကုန်များနှင့် ပတ်သက်သည့် အမည်၊ အမှတ်တံဆိပ်၊ ပါဝင်ပစ္စည်း၊ အလေးချိန်၊ ထုတ်လုပ်သည့်လုပ်ငန်းလိပ်စာတို့ကို နိုင်ငံတကာသုံးအင်္ဂလိပ်စာ သို့မဟုတ် မြန်မာစာတို့ဖြင့် ထည့်သွင်းဖော်ပြမည်ဆိုပါက ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်က ပြောကြားသည်။

ကုန်စည်ပြပွဲနှင့်အတူ (၁၀)ကြိမ်မြောက် မြန်မာတရုတ် နယ်စပ်ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီအစည်းအဝေးကိုလည်း မွန်းလွဲ ၂ နာရီတွင် မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းရုံးခန်းမ၌ ကျင်းပခဲ့သည်။ ညပိုင်းတွင် ကချင်၊ ပလောင်၊ ရှမ်း၊ ကရင် တိုင်းရင်းသားရိုးရာအကများနှင့် တရုတ်နိုင်ငံယဉ်ကျေးမှုအဖွဲ့တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

**အေဝမ်းစိုး(ကြေးမုံ)**

# ဖြူးမြို့နယ်ရှိကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဒီဇင်ဘာ ၁၀ ရက် နံနက် ၈ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ကားယားကျေးရွာ ညောင်သပြေကျောင်းတိုက်၌ ကျေးရွာအုပ်စုကိုးအုပ်စုရှိ ကျေးရွာများမှ အထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံရာ ကွင်းဆင်းအဖွဲ့မှ တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မိသားစုအပိုဝင်ငွေ တိုးတက်ရရှိစေရေးအတွက် တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်၊ နွားနှင့် ငါးမျိုးများမွေးမြူနိုင်မှု၊ မွေးမြူရေးနည်းပညာ ဖြန့်ဖြူးပေးနေမှုနှင့် မြစိမ်းရောင် မွေးမြူရေးစီမံကိန်း ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာပြည်သူလူထုကပါ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေး၊ ကျန်းမာရေးတိုးတက်မြင့်မားလာအောင် ကြိုးစားကြခြင်းဖြင့် မိမိရပ်ရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး လုပ်ဆောင်နိုင်မှာဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လတ်တလောဖြည့်ဆည်းပေးနိုင်သည်များကို စာရင်းဇယားများဖြင့် ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားပြီး ပညာရေးထောက်ပံ့ငွေများ ပေးအပ်ကာ ကျေးလက်လမ်းတိုးချဲ့ဖောက်လုပ်နေမှုကို ကြည့်ရှုသည်။

ယင်းနောက် ကညင်ဒိုင်းကျေးရွာ၌ ကျေးရွာအုပ်စုခြောက်အုပ်စုရှိ ကျေးရွာများမှ ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ တစ်ဦးချင်း ဝင်ငွေတိုးတက်ရရှိရေးတို့အတွက် ပြည်သူအားလုံးပါဝင်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ မိမိအိမ်ဝင်းအတွင်း တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ကြခြင်းဖြင့် အစားအစာဖူလုံမှုတစ္စာ စားသုံးနိုင်ပြီး မိသားစုအပိုဝင်ငွေတိုးတက်ရရှိစေကာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေကြောင်း၊ ထို့ပြင် ကျေးလက်လူငယ်များဖွဲ့စည်းပြီး နည်းပညာ၊ သင်တန်းများဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကညင်ဒိုင်းအခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံပြီး ကျောင်းသား ကျောင်းသူများအား UHT နို့များ တိုက်ကျွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဂျေရမ်ပူကျေးရွာ၌ ဇဟားကျေးရွာအုပ်စုရှိ ကျေးရွာများမှ အထောက်အကူပြု ကော်မတီဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးကွင်းဆင်း ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ပညာရေး၊ ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများ၊ ကျေးလက်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ ကျေးလက်လမ်းများ အဆင့်မြှင့်တင်နိုင်ရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**


■

# နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်နိုင်

ဥပ္ပါတသန္တိစေတီတော်ကြီးအား လာမည့် တပေါင်းလပြည့်နေ့မတိုင်မီ ကြာနအောက်ဖောင်းရစ်သုံးရစ်အထိ ရွှေစင်ရွှေပြားများနှင့် လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်သွားမည်ဖြစ်ရာ ရွှေစင်ပြားတန်ဖိုးမှာ တစ်စတုရန်းပေ (၁ပေ×၁ပေ) ရွှေတစ်ကျပ်သားနှင့် တစ်ပေပတ်လည် ကြေးပြားထု ၂၂ ဂိတ်အတွက် စုစုပေါင်းကုန်ကျစရိတ် ကျပ်ခုနစ်သိန်း ဖြစ်သည်။

ဖောင်းရစ်များ၏ ဧရိယာမှာ တတိယဖောင်းရစ် - ၁၈၄၀ ဒသမ ၇ စ/ပေ၊ ဒုတိယဖောင်းရစ် ၂၂၃၅ ဒသမ ၂၆ စ/ပေနှင့် ပထမဖောင်းရစ် ၂၆၀၄ စ/ ပေ တို့ဖြစ်ပြီး စေတီတော်ဂေါပကအနေဖြင့် တတိယဖောင်းရစ် ရွှေစင်ပြားကပ်လှူရန် အလှူငွေလုံလောက်စွာရှိပြီးဖြစ်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူများ၏ လှူဒါန်းမှုများဖြင့် ဒုတိယဖောင်းရစ်၊ ပထမဖောင်းရစ်တို့အထိ ရွှေစင်ပြားဆက်ကပ်သွားမည်ဖြစ်ကာ လှူဒါန်းသည့် ပုဂ္ဂိုလ်/ဌာန/အဖွဲ့အစည်းများအလိုက် ရွှေစင်ပြားတွင် အလှူရှင်အမည်ကို ကမ္ပည်းထိုးမှတ်တမ်းတင်ပြီး မိမိတို့၏ ရွှေစင်ပြားနေရာအား Layout Plan ဖြင့် ဖော်ပြပေးထားမည်ဖြစ်သည်။


နိုဝင်ဘာလကုန်မှစ၍ ငြမ်းဆင်ခြင်းနှင့် လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပြီး တပေါင်းလပြည့်နေ့တွင် စေတီတော် ရွှေစင်ရွှေပြားကပ်လှူခြင်းလုပ်ငန်းနှင့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းများ ပြီးစီးရန် စီစဉ်ထားရာ အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်း နောက်ဆုံးထား၍ ဦးသန်းငွေ



(နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၉-၄၉၂၃၆၄၄၄၊ ၀၆၇-၅၅၀၂၀၂၊ ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၉-၈၃၀၀၂၅၉၊ ၀၆၇-၄၁၄၂၀၅ နှင့် ဦးထွန်းကြည် (စေတီတော်ဂေါပကအဖွဲ့ဝင်) ဖုန်း-၀၉-၅၁၃၅၆၉၈၊ ၀၆၇-၂၅၉၄၃/၂၂၀၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာထားသည်။

**(ကြေးမုံ)**

■



# ပျဉ်းမနားမြို့ ရွှေညောင်ပင်ကားဂိတ်အနီး ကားမီးလောင်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွှေညောင်ပင်ကားဂိတ်အနီး၌ ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၅၀ က ယာဉ်မောင်း ဦးစိုးမြင့်အောင် အသက် (၄၃)နှစ် မောင်းနှင်လာသည့် တိုယိုတာ ဟွန်ဒါဖစ် ကားအမျိုးအစား အမှတ် 2E--- သည် ကားရှေ့ပိုင်းအင်ဂျင်ခန်း ဝါယာရှော့ခ်ဖြစ်၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးသန်းမြင့်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှူးတို့က ကြီးကြပ်၍ ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် မီးညွန့်ကျိုးသွားပြီး ညနေ ၃ နာရီတွင် လုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ **(ရွှေကုက္ကို)**

# အိပ်နေစဉ် ဆောက်လုပ်ဆဲတိုက်ပေါ်မှ ပြုတ်ကျသေဆုံး

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ် (၃)ရပ်ကွက် စံပယ်(၁) လမ်း အိမ်အမှတ် (၁၂) ဆောက်လုပ်ဆဲတိုက်ပေါ်တွင် ဒီဇင်ဘာ ၁၀ ရက် ည ၁၁ နာရီခွဲက အလုပ်သမားတစ်ဦးအိပ်ပျော်နေစဉ် တိုက်ပေါ်မှပြုတ်ကျသေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူမှာ ရွှေပြည်သာမြို့နယ် (၁၄) ရပ်ကွက် ပန်းခြံ (၁၈) လမ်းတွင် နေထိုင်သူ မောင်ငြိမ်းပြည့်စုံ(ခ) ဟိန်းပြည့်စုံ (၂၂) နှစ် လက်သမားလုပ်ကိုင်သူဖြစ်ပြီး အလောင်းကို ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ကာ ကမာရွတ်မြို့မရဲစခန်းမှ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကျော်လှိုင်(ကမာရွတ်)**

# ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါ သတိပေးနှိုးဆော်ချက်

- ❖ အီဘိုလာဗိုင်းရပ်စ်ရောဂါသည် ကူးစက်မြန်ရောဂါတစ်မျိုးဖြစ်ပြီး ကုသရန်ခက်ခဲသည့်အပြင် ရောဂါပြန့်ပွားမှုအား ထိန်းချုပ်ရန်ခက်ခဲသောရောဂါဖြစ်ပါသည်။
- ❖ ယခုအခါ အာဖရိကအနောက်ပိုင်းဒေသရှိ Guinea, Liberia, Nigeria, Sierra Leone, Senegal, Mali. DR Congo နိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့ (ဥပမာ-အမေရိကန်နိုင်ငံ၊ စပိန်နိုင်ငံ)တို့တွင် ရောဂါကူးစက်ဖြစ်ပွားနေပြီး ရောဂါဖြစ်ပွားသူများ၏ ၅၀ မှ ၉၀ ရာခိုင်နှုန်းခန့် အသက်ဆုံးရှုံးနိုင်ပါသည်။
- ❖ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါအား ကမ္ဘာ့နိုင်ငံများအနေဖြင့် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် သတ်မှတ်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ယင်းကပ်ရောဂါသည် ကာလအတန်ကြာ ဆက်လက်ဖြစ်ပွားနေမည်ဟု ခန့်မှန်းရကြောင်း နှိုးဆော်ထားရှိပါသည်။

**အီဘိုလာဗိုင်းရပ်စ်ရောဂါ ကူးစက်နိုင်သောနည်းလမ်းများ**

- ❖ အီဘိုလာဗိုင်းရပ်စ်ရောဂါသည် ရောဂါပိုးရှိသောလူ (သို့မဟုတ်) တိရစ္ဆာန်၏ တံတွေး၊ သွေး၊ ခန္ဓာကိုယ်မှထွက်သော အရည်တို့နှင့် တိုက်ရိုက်ထိတွေ့ကိုင်တွယ်ခြင်း၊
- ❖ လူနာ၏သွေးနှင့် ခန္ဓာကိုယ်မှအရည်များ ထိတွေ့ထားသော အရာဝတ္ထုများနှင့် ထိတွေ့ကိုင်တွယ်ခြင်းတို့မှ ကူးစက်နိုင်သည်။
- ❖ အီဘိုလာဗိုင်းရပ်စ်ရောဂါသည် လေ၊ ရေ၊ အစားအစာတို့မှတစ်ဆင့် မကူးစက်နိုင်ပါ။
- ❖ **ယခုအချိန်အထိ အီဘိုလာဗိုင်းရပ်စ်ရောဂါကို ကာကွယ်ကုသရန်ဆေးမရှိသေးပါ။ ရောဂါမဖြစ်ပွားရန် ကာကွယ်ရန် အရေးကြီးပါသည်။**
- ❖ ရောဂါပိုးရှိသော လူနာနှင့် တိရစ္ဆာန်တို့၏ တံတွေး၊ သွေး စသော ခန္ဓာကိုယ်အရည်များအား ကိုင်တွယ်ထိတွေ့သူများတွင် အဓိကရောဂါကူးစက်နိုင်ခြေရှိသဖြင့် ကာကွယ်သည့်နည်းလမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

**အီဘိုလာဗိုင်းရပ်စ်ရောဂါ သံသယလက္ခဏာများ**

အီဘိုလာဗိုင်းရပ်စ်ရောဂါ ကူးစက်ဖြစ်ပွားနေသော နိုင်ငံများ (အထူးသဖြင့် အနောက်အာဖရိကနိုင်ငံများ)သို့ သွားရောက်ခဲ့သူများ (သို့မဟုတ်) နိုင်ငံတကာခရီးသွားသူများ၊ ကူးစက်မြန်အီဘိုလာရောဂါလူနာအား တိုက်ရိုက်ပြုစုကုသထိတွေ့ကိုင်တွယ်ခဲ့သူများ၊ ရောဂါရှိသော တောရိုင်းတိရစ္ဆာန်များအား ထိတွေ့ကိုင်တွယ်သူများတွင်-

- ❖ ဖျားခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ ကြွက်သားနှင့် အဆစ်အမျက်များနာကျင်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ချောင်းနာခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာမျိုရခက်ခြင်း၊ အသက်ရှူရခက်ခြင်း၊ ကြို့ထိုးခြင်း၊ အန်ခြင်း၊ အရည်ဝမ်းသွားခြင်း၊ ဗိုက်နာခြင်း၊
- ❖ အီဘိုလာဗိုင်းရပ်စ်ပိုးသည် အသည်းနှင့် ကျောက်ကပ်များ ပျက်စီးနိုင်သဖြင့် ခန္ဓာကိုယ်အတွင်းနှင့်အပြင် သွေးယိုထွက်မှုရှိခြင်းကြောင့် အသက်အန္တရာယ်ဖြစ်နိုင်ပါသည်။

**အီဘိုလာရောဂါ ကူးစက်မှုမရှိစေရေး ကာကွယ်ရန်နည်းလမ်းများ**

၁။ တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုပြုပါ။
၂။ လက်ကို ရေနှင့်ဆပ်ပြာဖြင့် မကြာခဏဆေးကြောပါ။
၃။ ရောဂါပိုးရှိသူ၏သွေးနှင့် ၎င်းခန္ဓာကိုယ်မှထွက်သော အရည်များအား ထိတွေ့ကိုင်တွယ်ခြင်း မပြုရ။
၄။ ရောဂါပိုးရှိသော လူ၊ တိရစ္ဆာန်တို့၏ သွေးနှင့် ၎င်းခန္ဓာကိုယ်မှထွက်သော အရည်များရှိနိုင်သည့် အရာဝတ္ထုပစ္စည်း (ခုံများ၊ စားပွဲများ၊ အိပ်ရာ၊ လှေကားလက်ရန်း၊ နံရံစသည်)တို့အား ထိတွေ့ကိုင်တွယ်ခြင်းမပြုရ။
၅။ အထူးသဖြင့် လွန်ခဲ့သော တစ်လအတွင်း အီဘိုလာဗိုင်းရပ်စ်ရောဂါ ကူးစက်ဖြစ်ပွားသောနိုင်ငံများသို့ သွားရောက်ခဲ့သူများနှင့် နိုင်ငံတကာခရီးသွားသူများတွင် အောက်ဖော်ပြပါ သံသယလက္ခဏာများ ဖြစ်ပေါ်လာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့ ဆေးကုသမှုခံယူပါ။

**ဖျားခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ ကြွက်သားနှင့် အဆစ်အမျက်များနာကျင်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ချောင်းနာခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာမျိုရခက်ခြင်း၊ အသက်ရှူရခက်ခြင်း၊ ကြို့ထိုးခြင်း၊ အန်ခြင်း၊ အရည်ဝမ်းသွားခြင်း၊ ဗိုက်နာခြင်း၊ ခန္ဓာကိုယ်အတွင်းနှင့်အပြင် သွေးယိုထွက်မှုရှိခြင်း။**

၆။ အထက်ပါ သံသယလက္ခဏာဖြစ်ပွားသူများ တွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့ပါ။
၇။ နိုင်ငံခြားသို့ ခရီးသွားရောက်ရန် အစီအစဉ်ရှိပါက ရောဂါဖြစ်ပွားကူးစက်နေသည့်နိုင်ငံများသို့ သွားရောက်ခြင်းကို ရှောင်ကြဉ်ပါ။
၈။ ရောဂါဖြစ်ပွားကူးစက်လျက်ရှိသော နိုင်ငံများမှ မြန်မာနိုင်ငံအတွင်း ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် ကျန်းမာရေးဌာနများသို့ ဆက်သွယ်သတင်းပေးပို့၍ ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ အကြံဉာဏ်ရယူဆောင်ရွက်ပါ။
၉။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အီဘိုလာဗိုင်းရပ်စ်ရောဂါလူနာများ ကာကွယ်ကုသရာတွင် ကိုယ်ခန္ဓာကာကွယ်ရေးဝတ်စုံနှင့် ပစ္စည်းများ ပြည့်စုံစွာ စနစ်တကျဝတ်ဆင်၍ လုပ်ငန်းဆောင်ရွက်ရမည်။ ပြည့်စုံသော ကိုယ်ခန္ဓာကာကွယ်ရေးဝတ်စုံနှင့်ပစ္စည်းများ ဝတ်ဆင်ခြင်းမပြုဘဲ လူနာများအား ထိတွေ့ကိုင်တွယ်ခြင်းမပြုရပါ။

**ကျန်းမာရေးဝန်ကြီးဌာနမှ အီဘိုလာဗိုင်းရပ်စ်ရောဂါကြိုတင်ကာကွယ်ကုသထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ သတိပေးနှိုးဆော်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။**

**ကျန်းမာရေးဝန်ကြီးဌာန**

# ပင်လောင်းမြို့နယ်တွင် ဘိန်းစိမ်း ရှစ်ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၁** ။ ။ မူးယစ်တပ်ဖွဲ့စု (၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၉ ရက်က ပင်လောင်းမြို့နယ် ထီပေါင်းကျေးရွာအုပ်စု ပင်လောင်းမြို့နှင့် ထာငိုကျေးရွာသွား တုံဟုန်းကားလမ်းပေါ် မိုင်တိုင်အမှတ် (၅၅/ဝ) ထာငိုကျေးရွာအနီးတွင် ပင်လောင်းမြို့မှ ထာငိုကျေးရွာဘက်သို့ သန်းကျော် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ၎င်းလွယ်ထားသည့် ဝါးပလိုင်းအတွင်းမှ ဘိန်းစိမ်းအလေးချိန် ရှစ်ကီလိုသိမ်းဆည်းရမိသဖြင့် သန်းကျော် (၂၈)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

# ကျွန်းစုမြို့နယ်တွင် ဘိန်းစာမှုန့် ၃၉ ဒသမ ၅၄ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ကျွန်းစုမြို့နယ် ရှော်တောမှော်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၉ ရက်က ကျွန်းစုမြို့နယ် ရှင်မြတ်တောင်အရှေ့ရေပြင်တွင် တနင်္သာရီမြို့နယ် လယ်သစ်ကျေးရွာနေ ထိန်ဝင်း(ခ)အိုပိန်နှင့် အောင်အောင်(ခ)အောင်မင်းတို့ မောင်းနှင်လာသော စက်လှေအားစစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ စက်လှေအားဖမ်းဆီးရမိသည်။ စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းတို့နှစ်ဦးသည် စက်လှေပေါ်မှ ဆာလာအိတ်သုံးအိတ်ကို ရေထဲသို့ပစ်ချခဲ့ကြောင်း ထွက်ဆိုသဖြင့် လိုက်လံဆယ်ယူခဲ့ရာ ဆာလာအိတ်သုံးအိတ်အတွင်းမှ ဘိန်းစာမှုန့် ၆၅၉ ထုပ် စုစုပေါင်း ဘိန်းစာမှုန့် အလေးချိန် ၃၉ ဒသမ ၅၄ ကီလိုဂရမ်နှင့် စက်လှေတစ်စင်းတို့အား သိမ်းဆည်းရမိသဖြင့် ထိန်ဝင်း(ခ)အိုပိန်(၄၁)နှစ်နှင့် အောင်အောင်(ခ)အောင်မင်း (၂၉)နှစ်တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**



**ထိန်ဝင်း(ခ)အိုပိန်နှင့် အောင်အောင်(ခ)အောင်မင်းတို့ နှစ်ဦးအား သိမ်းဆည်းရမိသော ဘိန်းစာမှုန့်များနှင့်အတူ တွေ့ရစဉ်။**

# မော်လမြိုင်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မူးယစ်တပ်ဖွဲ့စု (၃၈) မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၉ ရက်က မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် ဗိုလ်ချုပ်လမ်း အမှတ် (၂၈၃) ရှိ "ကမ္ဘာခြား" စားသောက်ဆိုင်တွင် ရောက်ရှိနေသူ လင်းလင်းအား သတင်းအရရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် ဘောင်းဘီတိုအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅ ပြား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်အရ မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက်နေ မူးယစ်ဆေးဝါးများ ရောင်းချပေးသူ မသင်းအေးခိုင် (ခ)ဂျိုးဂျိုး၏ နေအိမ်အားရှာဖွေရာ ၎င်းနှင့်အတူ မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသူ မင်းမင်းနောင်အား တွေ့ရှိရပြီး နေအိမ်ဧည့်ခန်းစားပွဲပေါ်ရှိ ပလတ်စတစ် ပုလင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅ ပြားနှင့် လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးတို့ကို ထပ်မံသိမ်းဆည်းရမိသဖြင့် လင်းလင်း (၃၁)နှစ်၊ မသင်းအေးခိုင်(ခ)ဂျိုးဂျိုး (၄၀) နှစ်နှင့် မင်းမင်းနောင်(၂၉)နှစ်တို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**



**မသင်းအေးခိုင် (ခ)ဂျိုးဂျိုးနှင့် မင်းမင်းနောင်တို့ နှစ်ဦးအား သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# မြန်မာစကားပုံနှင့် မြန်မာဆိုရိုးစကားများ ပေးပို့နိုင်ကြောင်း ဖိတ်ခေါ်ထား

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ဦးစီးဌာနသည် မြန်မာဗျည်း၊ သရ၊ အက္ခရာ၊ မြန်မာဝေါဟာရတို့၏ စာလုံးပေါင်းသတ်ပုံ၊ အနက်အဓိပ္ပာယ်၊ အသံထွက်၊ သဒ္ဒါနှင့် ဝါကျဖွဲ့ထုံးတို့ ထုံးမိစံမျှမှန်ကန်တိကျရေး၊ အဓွန့်ရှည်စွာ တည်တံ့ရေးနှင့်မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်လျက်ရှိရာတွင် အဘိဓာန်များ၊ သတ်ပုံကျမ်းများ၊ သဒ္ဒါကျမ်းများ၊ ရေးထုံး၊အသံထွက်၊ ဝေါဟာရ၊ အနက်အဓိပ္ပာယ်၊ အလိမ္မာစာပေနှင့် အသိပညာပေး စာအုပ်စာစောင်များထုတ်ဝေခြင်း၊ ရုပ်မြင်သံကြားဇာတ်လမ်း ထုတ်လွှင့်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာစာအဖွဲ့ဦးစီးဌာနမှ ပြုစုထုတ်ဝေခဲ့သောစာအုပ်များအနက် မြန်မာစကားပုံစာအုပ်ကို ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလတွင်လည်းကောင်း၊ မြန်မာဆိုရိုးစကားစာအုပ်ကို ၁၉၉၆ ခုနှစ် အောက်တိုဘာလတွင်လည်းကောင်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ မြန်မာဘာသာစကားတွင် အကြောင်းအရာတစ်ခုကို ပြောဆိုရေးသားရာ၌ တိုတိုနှင့်ထိမိစေရန် စကားပုံနှင့် ဆိုရိုးစကားများကို အသုံးပြုလေ့ရှိကြပါသည်။ စကားပုံနှင့် ဆိုရိုးစကားများသည် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဓလေ့ထုံးစံ အတွေးအမြင်ကိုသာမက စာပေဖွံ့ဖြိုးတိုးတက်လာပုံကိုပါ ဖော်ဆောင်လျက်ရှိပါသဖြင့် ယင်းတို့ကို အရှည်သဖြင့် တည်တံ့အောင်ထိန်းသိမ်းနိုင်ရန်အလို့ငှာ မြန်မာစာအဖွဲ့ဦးစီးဌာနအနေဖြင့် မြန်မာစကားပုံစာအုပ်နှင့် မြန်မာဆိုရိုးစကားစာအုပ်များကို အသစ်တည်းဖြတ်ထုတ်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများထံမှ မြန်မာစကားပုံ (ဥပမာ-နွားကွဲကျားဆွဲ)နှင့် မြန်မာဆိုရိုးစကား (ဥပမာ စည်းလုံးညီညာ အောင်ကြောင်းဖြာ) များကိုလည်းကောင်း၊ မြန်မာစာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံများ အဓွန့်ရှည်စွာ တည်တံ့ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကြံပြုချက်များကိုလည်းကောင်း၊ မြန်မာစာအဖွဲ့ဦးစီးဌာန ရုံးအမှတ်(၅၂)နေပြည်တော် ဖက်(စ်) ၀၆၇-၄၃၀၁၇၇၊ E-mail; myancom@gmail.com သို့ ၃၁-၁-၂၀၁၅ ရက်နေ့မတိုင်မီ အကြံပြုပေးပို့နိုင်ပါရန် မေတ္တာရပ်ခံဖိတ်ခေါ်ထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ဟိုတယ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်မည်

**မကွေး ဒီဇင်ဘာ ၁၁**

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှကြီးကြပ်၍ မကွေးမြို့ ဟိုတယ်လုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်မည့် ဧည့်ကြိုဝန်ဆောင်မှုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းမှုသင်တန်းများကို ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ မကွေးမြို့ နန်းထိုက်သူဟိုတယ်၌ ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် မကွေးမြို့ ဗိုလ်ချုပ်လမ်းရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၆၃-၂၅၀၅၇၊ ၀၉-၄၀၃၇၀၅၉၅၂၊ ၀၉-၄၀၁၅၄၁၇၁၄ တို့သို့ ဒီဇင်ဘာ ၁၃ရက် နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်တက္ကသိုလ်(Center of Excellence)များသို့ ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)နှင့်နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများမှ ၂၀၁၄ခု၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူများအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ အောက်ဖော်ပြပါ အဆင့်မြင့်တက္ကသိုလ်(Center of Excellence) များသို့ အပိုဒ်(၂)ပါ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

(က) ရန်ကုန်နည်းပညာတက္ကသိုလ်
(ခ) မန္တလေးနည်းပညာတက္ကသိုလ်
(ဂ) မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်
(ဃ) နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)
(င) ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
(စ) မန္တလေးကွန်ပျူတာတက္ကသိုလ်

၂။ လိုအပ်သောအရည်အချင်း

(က) ဝင်ခွင့်လျှောက်ထားချိန်တွင် လျှောက်ထားသူနှင့် မိဘ(၂)ပါးစလုံးသည် တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)နှင့် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများတွင် အမြဲနေထိုင်သူ အခြေခံပညာသင်တန်း(၈)တန်း၊ (၉)တန်း၊ (၁၀)တန်းများကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့ပြီး ၎င်းဒေသများမှပင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူဖြစ်ရမည့်အပြင် အဆိုပါဒေသအတွင်း ပြန်လည်အကျိုးပြုနိုင်သူဖြစ်ကြောင်း သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်း (မြို့နယ်အုပ်ချုပ်ရေးမှူး)၏ ထောက်ခံချက်(မူရင်း)ပါရှိရမည်။

မှတ်ချက်။ အပိုဒ်(၂-ခ)ပါ ဒေသများတွင် နေထိုင်သော်လည်းအခြေခံပညာ အထက်တန်းကျောင်းမရှိခြင်း၊ စာစစ်ဌာနမရှိခြင်း၊ အခြေခံပညာအထက်တန်းကျောင်း ရှိသော်လည်း သိပ္ပံဘာသာတွဲ သင်ကြားနိုင်မှုမရှိခြင်းတို့ကြောင့်အနီးစပ်ဆုံးမြို့နယ်ရှိ အထက်တန်းကျောင်းမှ အောင်မြင်သောကျောင်းသားများအား (၈တန်း၊ ၉တန်း၊ ၁၀တန်း) ကို ခက်ခဲဒေသတွင် (၃)နှစ်ဆက်တိုက် တက်ရောက်ခဲ့ခြင်းမရှိသော်လည်း ခြွင်းချက်ဖြင့် စဉ်းစားမည်။

(ဂ) ၂၀၁၄ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်သူများဖြစ်ရမည်-

(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ
(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ
(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ
(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ
(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်များ ပူးတွဲတင်ပြရမည်-

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ရမှတ်စာရင်း (မူရင်း)(၁)စောင်

(ခ) ၎င်းဒေသရှိ ကျောင်း၌ (၃)နှစ်ဆက်တိုက် တက်ရောက်ခဲ့သူဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအား ၎င်းဒေသရှိ စာစစ်ဌာနမှ အောင်မြင်သူဖြစ်ကြောင်း သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၏ထောက်ခံချက်နှင့် မြို့နယ်ပညာရေးမှူးတို့၏ ထောက်ခံချက်။

(ဂ) အိမ်ထောင်စုစာရင်းဇယားမိတ္တူနှင့် ၎င်းဒေသတွင် (၃)နှစ်ဆက်တိုက် နေထိုင်သူဖြစ်ကြောင်း သက်ဆိုင်ရာဒေသအာဏာပိုင်များ၏ ထောက်ခံချက်။

(ဃ) လျှောက်ထားသူနှင့် မိဘ(၂)ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ။

(င) လိုင်စင်အရွယ်ရောင်စုံဓာတ်ပုံ(၂)ပုံ

၄။ ပူးတွဲဖော်ပြပါ လျှောက်လွှာနမူနာပုံစံအတိုင်း A-4 Size ဖြင့် ကွန်ပျူတာစာစီ၍ မိမိအစီအစဉ်ဖြင့် လျှောက်ထားရန် ဖြစ်ပါသည်။

၅။ လျှောက်လွှာများကို ၂၁-၁၂-၂၀၁၄ရက် နောက်ဆုံးထား၍ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်သို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရန် ဖြစ်ပါသည်။

မှတ်ချက်။ ရုံးပိတ်ရက်များတွင်လည်း လျှောက်ထားနိုင်ပါသည်။

၆။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများနှင့် မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ရောက်ရှိလာသော လျှောက်လွှာများနှင့် အမှတ်စာရင်းများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနနှင့် စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၏ တက္ကသိုလ် ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့မှ စိစစ်၍ ရွေးချယ်သွားမည် ဖြစ်ပါသည်။

(မှတ်ချက်။ ရွေးချယ်ခြင်းမခံရသူများအား ပြန်လည်အကြောင်းကြားမည်မဟုတ်ပါ)

၈။ အသေးစိတ်သိရှိလိုပါက အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၄၁၈၃နှင့်၀၆၇-၄၀၄၃၆၄သို့လည်းကောင်း၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၄၁၈၂နှင့် ၀၆၇-၄၀၄၃၉၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လျှောက်လွှာနမူနာပုံစံ

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ**
**၂၀၁၄ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက်သာ**

၁။ အမည်(မြန်မာ)------------------------ ☐ကျား ☐ မ
(အင်္ဂလိပ်)
၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ်-----------------------------------------
၃။ မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်)------------------------------------
၄။ လူမျိုး-----------------------ကိုးကွယ်သည့်ဘာသာ--------------------
၅။ ဖခင်အမည်------------------------နိုင်ငံသားစိစစ်ရေးကတ်အမှတ်-----------
အလုပ်အကိုင်-----------------------------------------------------
၆။ မိခင်အမည်--------------နိုင်ငံသားစိစစ်ရေးကတ်အမှတ်--------------------
အလုပ်အကိုင်-----------------------------------------------------
၇။ တက္ကသိုလ်ဝင်စာမေးပွဲခုံအမှတ်--------------------စာစစ်ဌာန---------------
၈။ အောင်မြင်သည့်ခုနှစ်-----------------------------------------------
၉။ တက္ကသိုလ်ဝင်တန်းတက်ရောက်ခဲ့သည့် ကျောင်းနှင့်မြို့နယ်----------------------
----------------------------------------------------------------
၁၀။ အမြဲနေထိုင်သောလိပ်စာ----------------------------------------------
----------------------------------------------------------------
၁၁။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့်ဖုန်းနံပါတ်--------------------------------
----------------------------------------------------------------
၁၂။ လျှောက်ထားနိုင်သည့်အဆင့်မြင့်တက္ကသိုလ်များ
(က) ရန်ကုန်နည်းပညာတက္ကသိုလ်
(ခ) မန္တလေးနည်းပညာတက္ကသိုလ်
(ဂ) ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ဗဟန်းနယ်မြေ)
(ဃ) မန္တလေးကွန်ပျူတာတက္ကသိုလ်
(င) မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်
(စ) နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)
၁၃။ ဦးစားပေးအလိုက်လျှောက်ထားလိုသည့် အဆင့်မြင့်တက္ကသိုလ်များ
(က)
(ခ)
(ဂ)
(ဃ)
(င)
(စ)
၁၄။ ဝန်ခံချက်
အထက်ဖော်ပြပါ အချက်အလက်များမှန်ကန်ပါသည်။
ရက်စွဲ။---------------------------

---------------------------
ဝင်ခွင့်လျှောက်ထားသူလက်မှတ်

အထက်ဖော်ပြပါအချက်များ မှန်ကန်ကြောင်း တာဝန်ယူလက်မှတ်ရေးထိုးပါသည်။
ရက်စွဲ။--------------------

--------------------
မိဘ/အုပ်ထိန်းသူလက်မှတ်

*စီးရီးအေပွဲစဉ် (၁၅) ကို ဒီဇင်ဘာ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တွေမှာ ယှဉ်ပြိုင်သွားဖို့ရှိပြီး အေစီမီလန်နဲ့ နာပိုလီ၊ ဂျူဗင်တပ်နဲ့ ဆမ်ဒိုးရီးယားတို့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းတဲ့ ပွဲစဉ်ဖြစ်လာဖို့ရှိနေပါတယ်။*

# စီးရီးအေ ရင်ခုန်သံ (၁၅)

*ရှိုင်း မင်း မင်း*

**ပါလာမို - ဆာစူအိုလို 13-12-14 (11:30 PM)**

ပါလာမိုက အခုနောက်ပိုင်း ကစားပုံမဆိုးဘူး။ ဆာစူအိုလိုက ရိုးမားကို သရေခံကစားနိုင်ခဲ့ပေမယ့် အဝေးကွင်းခံစစ်ပိုင်းအားနည်းမှုတွေရှိနေတာ တွေ့ရတယ်။ ဒါကြောင့် ပါလာမိုတို့ ကပ်နိုင်သွားဖို့ ရှိနေပါတယ်။

**လာဇီယို - အတ္တလန္တာ 14-12-14 (2:30 AM)**

လာဇီယိုက နိုင်ပွဲရသွားခဲ့ပြီး နိုင်ပွဲပျောက်ဆုံးနေမှုကို ရပ်တန့်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ အတ္တလန္တာကလည်း လက်ရှိရလဒ်ပိုင်းမဆိုးတာကြောင့် လာဇီယိုကို တုံ့ပြန်ကစားသွားနိုင်မှာပါ။ လာဇီယိုတို့ အခက်အခဲကြားက ကပ်ပြီးသာနိုင်မယ်။

**ဂျူဗင်တပ် - ဆမ်ဒိုးရီးယား 14-12-14 (6:00 PM)**

နိုင်ပွဲပျောက်ဆုံးခဲ့ရတာကြောင့် ဂျူဗင်တပ်တို့ ဖိအားပေးကစားသွားမှာပါ။ ဆမ်ဒိုးရီးယားက လက်ရှိခြေစွမ်းပိုင်းအားနည်းနေပြီး အဝေးကွင်းလည်း ဖြစ်နေတယ်။ ဂျူဗင်တပ်နိုင်ပွဲရသွားမယ်။ ဂိုးပြတ်ဖို့တော့ ခက်ပါတယ်။

**ဂျီနိုအာ - ရိုးမား 14-12-14 (8:30 PM)**

ရိုးမားအနေနဲ့လည်း နိုင်ပွဲရပ်တန့်ခဲ့ရတာကြောင့် အားစိုက်ကစားလာမှာပါ။ ဒါပေမယ့် ဂျီနိုအာရဲ့ခြေကလည်း အကောင်းဆုံးပုံစံမှာရှိပြီး အိမ်ကွင်းလည်းဖြစ်နေတယ်။ ရိုးမားတို့ အခက်တွေ့နိုင်ပြီး သရေလောက်ပဲ ကစားသွားနိုင်ဖို့ရှိတယ်။

**ပါးမား - ကယ်ဂလီယာရီ 14-12-14 (8:30 PM)**

ပါးမားက အခုနောက်ပိုင်း ခံကစားအား ကောင်းမွန်လာပါတယ်။ ကယ်ဂလီယာရီက အဝေးကွင်းမှာ တိုက်စစ်ကစားပုံပိုကောင်းပေမယ့် ခံစစ်ကတော့ အားနည်းမှုတွေရှိတတ်ပါတယ်။ ပါးမားအနိမ့်ဆုံး သရေလောက်ရမယ်။

**အူဒီးနီးစ် - ဗီရိုနာ 14-12-14 (8:30 PM)**

အူဒီးနီးစ်က ခြေစွမ်းပိုင်းအကျဘက်ရောက်နေပါတယ်။ ဗီရိုနာက အခုနောက်ပိုင်းမှာ ကြိုးစားကစားနေပေမယ့် ရလဒ်ပိုင်း အားနည်းနေသလို အဝေးကွင်းမှာ ခံစစ်ပိုင်းလည်း အားပျော့တတ်တယ်။ အိမ်ရှင်ဖြစ်တဲ့ အူဒီးနီးစ်တို့ ကပ်ပြီး အနိုင်ရသွားမှာပါ။

**ဆီစီနာ - ဖီအိုရင်တီးနား 14-12-14 (11:30 PM)**

ဆီစီနာက ခြေစွမ်းပိုင်းအားနည်းမှုတွေများနေတဲ့ အသင်းပါ။ အထူးသဖြင့်ခံစစ်ပိုင်းက ပေးဂိုးတွေ များလွန်းပါတယ်။ ဖီအိုရင်တီးနားက အခုနောက်ပိုင်း ကစားပုံ အားကောင်းနေတဲ့အတွက် ဒီပွဲမှာ ဖီအိုရင်တီးနားပဲ နိုင်ပွဲရမယ်။

**အေစီမီလန် - နာပိုလီ 15-12-14 (2:15 AM)**

အေစီမီလန်ရဲ့ခြေ မတည်ငြိမ်ပါဘူး။ နာပိုလီက သုံးပွဲဆက်တိုက် အနိုင်ပျောက်ဆုံးခဲ့ရတာကြောင့် ဒီပွဲမှာ အားထည့်ကစားလာဖို့ ရှိနေပါတယ်။ အဝေးကွင်းဖြစ်ပေမယ့် နာပိုလီတို့ အေစီမီလန်ကို ဖိအားပေးပြီး ကပ်နိုင်သွားမှာပါ။

**အမ်ပိုလီ - တိုရီနို 16-12-14 (00:30 AM)**

အမ်ပိုလီက လေးပွဲဆက် မရှုံးခဲ့ဘူး။ တိုရီနိုက ခံစစ်ပိုင်း အားနည်းမှုနဲ့အတူ ရလဒ်တွေ ဆိုးရွားနေဆဲပါ။ ဒါ့အပြင် တိုရီနိုဟာ အဝေးကွင်းမှာဆိုရင်လည်း အားနည်းတတ်တာကြောင့် ဒီပွဲမှာတော့ အမ်ပိုလီကို အသာရဖို့ ခက်ပါတယ်။ တိုရီနိုတို့ အမြင့်ဆုံးသရေလောက်ပဲ ရသွားမှာပါ။

**ချီယေဗို - အင်တာ 16-12-14 (2:30 AM)**

ချီယေဗိုက ခြေစွမ်းပိုင်းမဆိုးဘူးလို့ ဆိုနိုင်ပါတယ်။ အထူးသဖြင့် အမှတ်ရအောင် ကစားတတ်တယ်။ အင်တာကလည်း နိုင်ပွဲလိုအပ်နေတာကြောင့် အားစိုက်ကစားလာမှာပါ။ ချီယေဗိုကွင်းဖြစ်တဲ့အတွက် အင်တာတို့ ရုန်းကန်ရနိုင်ပေမယ့်လည်း အနိမ့်ဆုံးသရေ လောက်တော့ ကစားသွားနိုင်ပါလိမ့်မယ်။

## ၂၀၁၄ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် မြန်မာ့အားကစားအဆင့်အတန်း ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အမျိုးသားအားကစားအဆင့်အတန်းတိုးတက်စေရေး၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့အတွက် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ်ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲအတွက် ကွန်ပျူတာစာလုံး Font Size(14) အရွယ်အစားဖြင့် A4 စာမျက်နှာ ခုနစ်မျက်နှာထက်မနည်း ရှစ်မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် ကွန်ပျူတာစာလုံး Font Size(14) အရွယ်အစားဖြင့် A4 စာမျက်နှာ ၁၀ မျက်နှာထက်မနည်း ၁၁ မျက်နှာထက်မများ မိမိတို့ကြိုက်နှစ်သက်ရာ ခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၀"×၁၂" အရွယ်ဖြင့် အကန့်အသတ်မရှိတင်သွင်းယှဉ်ပြိုင်နိုင်ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုပေါ် လွင်စေရမည့်အပြင် ဓာတ်ပုံခေါင်းစဉ်ဖော်ပြရမည်။

ဝတ္ထုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲဝင်စာမူများနှင့်ဓာတ်ပုံများကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ လူထုအားကစားနှင့်ပညာပေးဌာနခွဲ အားကစားဝန်ကြီးဌာန နေပြည်တော် ရုံးအမှတ်(၃၁)သို့ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်တစ်စောင်၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်တစ်စောင်နှင့် အချက်အလက်များအားလုံး ထည့်သွင်းထားသည့် Soft Copy တစ်ချပ်ကို ပေးပို့ကြရန်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများနှင့်ဓာတ်ပုံများအနက် ဆုရဝတ္ထုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံ ပြိုင်ပွဲများအတွက် ပထမဆုငွေကျပ်ခြောက်သိန်း၊ ဒုတိယဆုငွေကျပ်ငါးသိန်း၊ တတိယဆုငွေကျပ်လေးသိန်းနှင့် နှစ်သိမ့်ဆု ငွေကျပ် သုံးသိန်း ချီးမြှင့်သွားမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရစာမူများကို နေ့စဉ်ထုတ်သတင်းစာများနှင့် အားကစားဂျာနယ်များတွင် ဖော်ပြသွားမည်ဖြစ်ရာ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော စာမူများ၊ ဓာတ်ပုံများ၊ အထောက်အထားမပြည့်စုံသော စာမူများနှင့်ဓာတ်ပုံများကိုထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၆၀၂၆၊ ၀၆၇-၄၀၆၀၂၇၊ ၀၉-၂၀၀၂၁၉၆၊ ၀၉-၄၄၈၅၃၅၃၁၁ တို့သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း အားကစားဝန်ကြီးဌာနမှသိရသည်။ **(ကြေးမုံ)**

# ရင်ခုန်စွာစောင့်မျှော်ရဦးမယ့် ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ပွဲစဉ်များ

**နိုင် လင်းကြည်**

ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်များ ပြီးဆုံးခဲ့ပါပြီ။ အဲဒီလိုပြီးဆုံးခဲ့ချိန်မှာ မန်စီးတီးကတော့ ရောမမြို့မှာ ရိုးမားကို အနိုင်ရလိုက်တာမို့ (၁၆)သင်းအဆင့်ကို တက်လှမ်းသွားပါတယ်။

ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ကို တက်သွားတဲ့ အသင်းတွေကတော့ အာဆင်နယ်၊ ချယ်လ်ဆီး၊ မန်စီးတီး၊ အက်သလက်တီကိုမက်ဒရစ်၊ ဂျူဗင်တပ်၊ ရီးယဲလ်မက်ဒရစ်၊ ဘေဆယ်လ်၊ မိုနာကို၊ လေဗာကူဆင်၊ ဒေါ့မွန်၊ ဘိုင်ယန်မြူးနစ်၊ ဘာစီလိုနာ၊ ပီအက်စ်ဂျီ၊ ရှော်လ်ကေး၊ ပေါ်တို၊ ရှက်ခ်တာဒိုးနက်စ်ခ် စတဲ့အသင်းတွေပဲဖြစ်ပါတယ်။

ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ကို တက်လှမ်းသွားတဲ့အသင်းတွေ ထွက်ပေါ်ခဲ့ပြီးချိန်မှာ လီဗာပူး၊ အိုလံပီယာကို့စ်၊ ဇင်းနစ်၊ အန်ဒါလက်ချ်၊ ရိုးမား၊ အေဂျက်၊ စပို့တင်းလစ္စဘွန်း၊ ဘီဘာအို စတဲ့အသင်းတွေကတော့ ချန်ပီယံလိဂ်ပြိုင်ပွဲကြီးကို လက်ပြနှုတ်ဆက်ခဲ့ရပြီး ယူရိုပါလိဂ်(၃၂)သင်းအဆင့်ကို ပြန်လည်ကစားရတော့မှာပါ။

ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခဲ့ရတဲ့အပြင် ယူရိုပါလိဂ်ပြိုင်ပွဲကိုပါ ယှဉ်ပြိုင်ကစားခွင့် ဆုံးရှုံးခဲ့ရတဲ့ အသင်းတွေကတော့ မယ်လ်မို၊ လူဂိုဒိုရက်၊ ဘင်ဖီကာ၊ ဂါလာတာစာရေး၊ စီအက်စ်ကေ အေမော်စကို၊ အေပိုးလ်၊ မာရီဘောနဲ့ ဘိတ်ဘိုရီဆော့ဗ် စတဲ့ အသင်းတွေပဲ ဖြစ်ပါတယ်။



ချန်ပီယံလိဂ်(၁၆)သင်း အဆင့်ပွဲစဉ်တွေ မဲခွဲပွဲကို တနင်္လာနေ့မှာ ပြုလုပ်သွားဖို့ရှိနေပြီး (၁၆)သင်းအဆင့်မှာ အင်္ဂလန်အသင်းတွေ ထိပ်တိုက်တွေ့နိုင်မယ့်အသင်းများကို ခန့်မှန်းဖော်ပြရလျှင် အာဆင်နယ်သည် အက်သလက်တီကိုမက်ဒရစ်၊ ရီးယဲလ်မက်ဒရစ်၊ မိုနာကို၊ ဘိုင်ယန်မြူးနစ်၊ ဘာစီလိုနာ၊ ပေါ်တိုစတဲ့အသင်းတွေနဲ့ ထိပ်တိုက်တွေ့ဖို့ရှိနေတဲ့အပြင် ချယ်လ်ဆီးမှာ ဂျူဗင်တပ်၊ ဘေဆယ်၊ လေဗာကူဆင်၊ ပီအက်စ်ဂျီ၊ ရှက်ခ်တာဒိုးနက်စ်ခ် စတဲ့ အသင်းတွေကို (၁၆)သင်းအဆင့်မှာ ပြိုင်ဘက်အသင်းတွေအဖြစ် ယှဉ်ပြိုင်ရဖွယ်ရှိနေပါတယ်။ မန်စီးတီးကတော့ (၁၆)သင်းအဆင့် တက်လှမ်းလာခဲ့တဲ့ အသင်းတွေထဲက အက်သလက်တီကိုမက်ဒရစ်၊ ရီးယဲလ်မက်ဒရစ်၊ မိုနာကို၊ ဒေါ့မွန်၊ ဘာစီလိုနာ၊ ပေါ်တို စတဲ့အသင်းတွေနဲ့ ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။

(၁၆)သင်းအဆင့် တက်လှမ်းလာခဲ့တဲ့အသင်း တွေထဲမှ နိုင်ငံအလိုက်အသင်းများကို ဖော်ပြရလျှင် ဂျာမနီမှ လေဗာကူဆင်၊ ဒေါ့မွန်၊ ဘိုင်ယန်၊ ရှော်လ်ကေးစတဲ့လေးသင်း၊ အင်္ဂလန်မှ ချယ်လ်ဆီး၊ အာဆင်နယ်၊ မန်စီးတီး စတဲ့သုံးသင်း၊ စပိန်မှ အက်သလက်တီကိုမက်ဒရစ်၊ ရီးယဲလ်မက်ဒရစ်၊ ဘာစီလိုနာ စတဲ့သုံးသင်း၊ ပြင်သစ်မှ မိုနာကိုနှင့် ပီအက်စ်ဂျီ၊ အီတလီမှ ဂျူဗင်တပ်၊ ပေါ်တူဂီမှ ပေါ်တို၊ ဆွစ်ဇာလန်မှ ဘေလ်ဆယ်နဲ့ ယူကရိန်းမှ ရှက်ခ်တာ ဒိုးနက်စ်ခ်တို့ပဲဖြစ်ပါတယ်။ ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ကို တက်လှမ်းလာတဲ့ အသင်းတွေအနက် ချန်ပီယံလိဂ်(၁၆)သင်းအဆင့်မတက်ဖူးတဲ့ မျက်နှာသစ်အသင်း တစ်သင်းမျှ ပါဝင်လာခြင်း မရှိခဲ့သည်မှာ ယခုနှစ် ချန်ပီယံလိဂ် (၁၆)သင်း အဆင့်ရဲ့ ထူးခြားတဲ့အချက်တစ်ချက်လို့ ဆိုရမှာပါ။ ဒါ့ကြောင့် တနင်္လာနေ့မှာ မဲခွဲမယ့် ချန်ပီယံလိဂ် (၁၆)သင်းအဆင့်မှာ ဘယ်အသင်းတွေ နောက်တစ်ဆင့်တက်လာနိုင်မယ့် အခွင့်အလမ်းတွေရရှိမလဲ၊ ဘယ်အသင်းတွေ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်မယ့် အခွင့်အရေးနဲ့ လွဲချော်သွားမယ့်ထိပ်တိုက်တွေ့ဆုံမှုတွေဖြစ်လာမလဲ ဆိုတာ ဆက်လက်စောင့်ကြည့်ကြပါစို့လား။ ။

**Fashion Euphoria (Junction Square)**
**Clearance Sales (50% to 80%)**

၉-၁၂-၂၀၁၄ ရက်မှ ၁၄-၁၂-၂၀၁၄ ရက်အထိ

Fashion Euphoria (Junction Square)ဆိုင်ခွဲမှ ကုန်ပစ္စည်းရှင်းလင်းသိမ်းဆည်းခြင်း အထူးအစီအစဉ်ဖြင့် အရည်အသွေးမြင့် ဇာအမျိုးမျိုး၊ အရောင်အသွေးစုံလင်သော ပိုးအမျိုးမျိုး၊ ဇင်းမယ်၊ ချိဖွန်နှင့် ကွန်ပျူတာပန်းထိုး၊ ကွန်ပျူတာချိတ်၊ မြန်မာချိတ်မျိုးစုံတို့ကို စစ်မှန်သော အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်ပါသောကြောင့် ပျော်ရွှင်စွာ လာရောက်ဝယ်ယူအားပေးနိုင်ပါကြောင်း မိတ်ဆွေဟောင်း၊ မိတ်ဆွေသစ်များအား ဖိတ်ခေါ်အပ်ပါသည်။

**F 129,**ပထမထပ်၊ **Junction Square**
**Ph:09-5105471**


စက္ကန့်ဖိုးပဲ ပေးပါ။
အခုမြန်မာပြည်တွင်း ဘယ်ဖုန်းကိုပဲ ခေါ်ခေါ်
စက္ကန့်ခြောက်ဆယ် ကို ၂၅ကျပ်ပဲ
ကျသင့်ပါတယ်။
ooredoo
၁စက္ကန့်
=
၄၂ပြား
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို ပိုမိုသိရှိနိုင်ရန်
www.ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုပါ။

# အစိုးရသစ်ကာလအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များ

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| ၁။ | ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ ပြဋ္ဌာန်းခြင်း၊ ထုတ်ပြန်ခြင်း | ➢ ၃၀-၃-၂၀၁၂ ရက်နေ့တွင်၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၉) ဖြင့် "ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ"ကို ပြဋ္ဌာန်းခဲ့ပါသည်။<br>➢ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏၅-၆-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၁၄)ဖြင့် "ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ"ကို ထုတ်ပြန်ခဲ့ပါသည်။<br>➢ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ၂၅-၄-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၇/၂၀၁၄ ဖြင့် အိုဇုန်းလွှာပျက်စီးမှုကို ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခြင်းအမိန့်ကို ထုတ်ပြန်ခဲ့ပါသည်။ |
| ၂။ | ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကိစ္စရပ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရေးအတွက် စီမံဆောင်ရွက်ခြင်း | ➢ နိုင်ငံတော်သမ္မတရုံး၏ ၆-၉-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၁၁)ဖြင့်သစ်တောရေးရာဝန်ကြီးဌာနကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (Ministry of Environmental Conservation and Forestry)အဖြစ် အမည်ပြင်ဆင်ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။<br>➢ ၂၆-၁-၂၀၁၂ ရက်နေ့တွင် ကျင်းပသည့်ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၂)၏ သဘောတူညီချက်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ ၂-၂-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို ၁၁-၁၀- ၂၀၁၂ ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။<br>➢ တိုင်းဒေသကြီးနှင့်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနများကို တစ်ဖက်ပါအတိုင်းဖွဲ့စည်းဖွင့်လှစ်ခဲ့ပါသည်-<br>(က) ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနများကို ၁-၁၀-၂၀၁၃ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။<br>(ခ) ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနများကို ၂၀၁၄ ခုနှစ် ဩဂုတ်လ ဒုတိယပတ်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။<br>➢ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၂-၁၀-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ(အမှတ်၊ ၆၉/၂၀၁၃)ဖြင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။<br>➢ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၀-၃-၂၀၁၄ ရက်စွဲပါ အမိန့် ကြော်ငြာစာ(အမှတ်၊ ၂၂/၂၀၁၄)ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီများကို ဖွဲ့စည်းခဲ့ပါသည်။<br>➢ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၀-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ (အမှတ်၊ ၂၃/၂၀၁၄)ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအောက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဗဟိုအဆင့်လုပ်ငန်းကော်မတီ(၅)ခုကို ဖွဲ့စည်းခဲ့ပါသည်။<br>➢ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၈-၈-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၁၆၄၀/၃၀၉ ဖွဲ့စည်းခွင့် ၃-၃၈/အဖရ (၂၀၁၃)၏ ခွင့်ပြုချက်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ၂၈-၁၁ ၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၂/၂၃၀(ခ)(၈၀၀၈/ ၂၀၁၃)ဖြင့်ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာ စိစစ်သုံးသပ်ရေးဆိုင်ရာ လုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ဆောင် ရွက်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ အစီရင်ခံစာစိစစ်သုံးသပ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ |
| ၃။ | ရာသီဥတုပြောင်းလဲမှုဆိုင်ရာလျှော့ချရေး (Mitigation)နှင့်လိုက်လျောညီထွေရှိစေရေး (Adaptation) လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ခြင်း | ➢ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏၁၃-၆- ၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၁၃)ဖြင့်မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင် မထိခိုက်စေသော ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (Clean Development Mechanism-CDM) လုပ်ငန်းများကို ထိရောက်စွာ ကြီးကြပ်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားစီမံအုပ်ချုပ်ရေးအဖွဲ့ (Designated National Authority-DNA)ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။<br>➢ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၃၀-၁၀-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၁၃)ဖြင့် မြန်မာရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Myanmar Climate Change Alliance-MCCA) ဖွဲ့စည်းခြင်းကို ထုတ်ပြန်ခဲ့ပါသည်။ |
| ၄။ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ခြင်း | ➢ အာဆီယံနိုင်ငံများအတွင်း အစိမ်းရောင်စီးပွားရေး ရည်မှန်းချက်များ အောင်မြင်မှုရရှိစေရေးအတွက် အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးဆိုင်ရာ အထူးကျွမ်းကျင်မှုဗဟိုဌာန (Center of Excellence for Greening-CoE-G)နှင့် စီမံကိန်းများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ရေးတို့အတွက် အစိမ်းရောင်စီးပွားရေးဆိုင်ရာ အာဆီယံဌာန(ASEAN Institute for Green Economy-AIGE)ကို ၂-၁၂-၂၀၁၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ဖွင့်လှစ်ခဲ့ပါသည်။ |
| ၅။ | သစ်တောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း နှစ်ကာလအတန်ကြာ တရားမဝင် အခြေချနေထိုင်သည့် ရွာစုနှင့်အိမ်ထောင်စုများအား ကျေးရွာသစ်များ ဖွဲ့စည်းနေရာချထားခြင်း | ➢ မြို့ပြကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ဆောင်ရွက်ရာ၌ ပြည်သူလူထု၏ စားဝတ်နေရေး၊ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ထိရောက်သိသာစွာ ဆောင်ရွက်ပေးရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများအတွင်း နှစ်ကာလအတန်ကြာ တရားမဝင်အခြေချနေထိုင်သည့် ရွာစုနှင့် အိမ်ထောင်စုစာရင်းဇယားများ ကောက်ယူပြီး ကျေးရွာသစ်များ ပြန်လည်ဖွဲ့စည်းနေရာချထားပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းစီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။<br>➢ ပြည်ထဲရေးဝန်ကြီးဌာန အမည်ပေါက် အိမ်ခြေ(၅၀)နှင့်အထက် (၁၁၈၄)ရွာ၏ ရွာမြေ၊ လယ်မြေ၊ အများပိုင်/သာသနာမြေ ဧရိယာစုစုပေါင်း (၃၃၇၄၄၄ ဒသမ ၆၈)ဧကကို သစ်တောမြေမှ ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါသည်။<br>➢ ပြည်ထဲရေးဝန်ကြီးဌာန အမည်မပေါက်အိမ်ခြေ(၅၀)နှင့်အထက် (၄၀၃)ရွာအတွက် ရွာမြေ၊ လယ်မြေ၊ အများပိုင်/သာသနာမြေ စုစုပေါင်း (၉၅၅၂၈ ဒသမ ၄၈)ဧကအား သစ်တောမြေမှပယ်ဖျက်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။<br>➢ အိမ်ခြေ(၅၀)အောက် ကျေးရွာပေါင်း (၂၃၃၀)ရွာ၏ ရွာမြေ၊ လယ်မြေ၊ အများပိုင်/သာသနာမြေ စုစုပေါင်း (၂၉၁၂၂၉ ဒသမ ၉၆)ဧကကို သစ်တောမြေမှ ပယ်ဖျက်နိုင်ရေး ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိပါသည်။ |
| ၆။ | အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)အား ရေးဆွဲနိုင်ရေး ဆောင်ရွက်ခြင်း | ➢ မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေး ဗဟိုကော်မတီကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၆-၁၀-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၉၃/၂၀၁၄)ဖြင့် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင် (၂၁)ဦးဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်။<br>➢ အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)အပေါ် အကြံပြုချက်များရယူခြင်း ဆွေးနွေးပွဲကို ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်၌ ၁၈-၁၀-၂၀၁၄ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး မြေယာနှင့်ဆက်စပ်သည့် ဌာနအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် ပြည်ပနိုင်ငံတကာ ကျွမ်းကျင်သူများ၊ နည်းပညာဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်များ၊ မူဝါဒ(မူကြမ်း)ရေးဆွဲရေးဆိုင်ရာ ပင်မလုပ်ငန်းအဖွဲ့ဝင်များ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အရပ်ဘက်အဖွဲ့အစည်းများနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ပါသည်။<br>➢ အမျိုးသားမြေအသုံးချမှု မူဝါဒကိုအများပါဝင်မှုဖြင့် |

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| | | ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်သူများ၏အကြံပြုချက်များရယူနိုင်ရန် နေပြည်တော်ကောင်စီနယ်မြေ၊တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့တော်(၁၇)ခုတွင် အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း) အပေါ် အကြံပြုဆွေးနွေးပွဲများကို ၁၇-၁၁-၂၀၁၄ ရက်မှ ၃၀-၁၁-၂၀၁၄ ရက်အထိ ပွင့်လင်းမြင်သာစွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ကျင်းပပြုလုပ်ခဲ့ပါသည်။ |
| ၇။ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက အခွန်အခကောက်ခံရမည့် သစ်မာသစ်မျိုးစာရင်း သတ်မှတ်ခွဲခြားပေးခြင်း | ➢ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၄ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက အခွန်အခကောက်ခံရမည့် သစ်မာသစ်မျိုး (၁၀၄) မျိုး စာရင်းကို အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ကြေညာခဲ့ပြီး ပြည်ထောင်စုမှ ကျွန်းနှင့်သစ်မာ (၅၆) မျိုးကိုသာ အခွန်အခကောက်ခံရန် သတ်မှတ်ခဲ့ပါသည်။ |
| ၈။ | သစ်စက်လိုင်စင်သက်တမ်း ပြင်ဆင်တိုးမြှင့်သတ်မှတ်ခြင်း | ➢ သစ်စက်လိုင်စင် သက်တမ်းအား စတင်ထုတ်ပေးသည့်နေ့မှ ၎င်းနှစ် မတ်လ ၃၁ ရက်နေ့အထိ တစ်နှစ် သတ်မှတ်ခဲ့ရာမှ ငါးနှစ်အထိတိုးမြှင့်ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။ |
| ၉။ | သစ်အခြေခံအသုံးပြုသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများအတွက် မှတ်ပုံတင်ခွင့်ပြုခြင်း | ➢ သစ်အခြေခံအိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများအား အသေးစားစက်မှုလက်မှု ဦးစီးဌာန၏ မှတ်ပုံတင်လက်မှတ်ပါရှိပြီး သတ်မှတ်စည်းကမ်းနှင့် ညီညွတ်ပါက သစ်တောနည်းဥပဒေ (၈၈)နှင့်အညီ လိုင်စင်/ပါမစ်အသစ်ခွင့်ပြုခြင်း၊ အခွန်တော်ထပ်မံကောက်ခံခြင်း မပြုဘဲ သက်ဆိုင်ရာ ခရိုင်သစ်တောဦးစီးဌာနတွင် နှစ်စဉ်မှတ်ပုံတင်ခြင်းသာ ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပါသည်။ |
| ၁၀။ | သစ်တောထွက်ပစ္စည်းမှန်ကန်ကြောင်း ထောက်ခံချက် ထုတ်ပေးခြင်း | ➢ သစ်နှင့်သစ်တောထွက်ပစ္စည်းများကို ပြည်ပတင်ပို့ရန်အတွက် တရားဝင်သစ်တောထွက်ပစ္စည်း မှန်ကန်ကြောင်း ထောက်ခံချက်ကို ကုန်သွယ်ရေးပို့ကုန်လိုင်စင်လျှောက်ထားရာတွင် တစ်ကြိမ်၊ အကောက်ခွန်ဦးစီးဌာနအတွက်တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ်ရယူနေရခြင်းအစား အကောက်ခွန်ဦးစီးဌာနအတွက် တစ်ကြိမ်သာ ရယူဆောင်ရွက်ရန် ခွင့်ပြုခဲ့ပါသည်။ |
| ၁၁။ | မြန်မာ့သစ်လုပ်ငန်း နယ်သစ်ဆိပ်များမှ လေလံအောင်သစ်များ သယ်ယူခြင်း | ➢ မြန်မာ့သစ်လုပ်ငန်းနယ်သစ်ဆိပ်ကမ်းများမှ လေလံအောင် သစ်လုံးနှင့်ခွဲသားများ သယ်ယူရန်အတွက် ခရိုင်သစ်တောဦးစီးဌာနသို့ တင်ပြခွင့်ပြုချက် ရယူရန် မလိုအပ်တော့ဘဲ One Stop Services ဖြင့် သစ်ဆိပ်တွင်ပင် သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့ ပူးပေါင်းစစ်ဆေးပြီး မြို့နယ်သစ်တောဦးစီးဌာနမှ သယ်ယူခွင့်မျှောစာ ထုတ်ပေးလျက်ရှိပါသည်။ |
| ၁၂။ | ထုတ်လုပ်ခွင့်ပြုထားသည့် သစ်နှင့်သစ်တောထွက်ပစ္စည်းများ၏ ဘီလ်ပြေစာသက်တမ်း ပြင်ဆင်သတ်မှတ်ခြင်း | ➢ စတင်ထုတ်ပေးသည့်နေ့မှစ၍ ၎င်းနှစ် မတ်လ ၃၁ ရက်နေ့အထိ သတ်မှတ်ခွင့်ပြုခဲ့သော သစ်နှင့်သစ်တောထွက်ပစ္စည်းများ၏ ဘီလ်ပြေစာသက်တမ်းအား စတင်ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ်အထိ ပြင်ဆင်သတ်မှတ်ခွင့်ပြုလျက်ရှိပါသည်။ |
| ၁၃။ | ရော်ဘာသစ်များ ခုတ်လဲ ထုတ်လုပ် ခွဲစိတ်၊ သယ်ယူ၊ ရောင်းချခြင်း | ➢ ရော်ဘာပင်များအား ခုတ်လဲထုတ်လုပ်၊ သယ်ယူ၊ ရောင်းချခြင်းလုပ်ငန်းများတွင် သစ်တောဦးစီးဌာနမှ ပါဝင်ဆောင်ရွက်မှု မပြုတော့ဘဲ ရော်ဘာသစ်များအား သစ်တောဦးစီးဌာနမှ ခွင့်ပြုထားသော တရားဝင်သစ်ခွဲစက်များတွင် ခွဲစိတ်ခြင်းကိုသာ ခွင့်ပြုလျက်ရှိပါသည်။ |
| ၁၄။ | ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများတွင် ပုဂ္ဂလိက စိုက်ခင်းများ တည်ထောင်ခွင့်ပြုခြင်း | ➢ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ဆောင်ရွက်လိုသူများအတွက် ကြိုးဝိုင်းနှင့်ကြိုးပြင်ကာကွယ်တောများတွင် တစ်ဆက်တစ်စပ်တည်း ဧက (၁၀၀၀)နှင့်အထက် တောနိမ့်တောပျက် ဧရိယာများအား မြေငှားရမ်းခွင့်ပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ထုံး လုပ်နည်းနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိပါသည်။ |
| ၁၅။ | တရားမဝင်ဖော်ထုတ်ဖမ်းဆီးရေး ဆောင်ရွက်ခြင်း | ➢ နိုင်ငံတော်၏ အဖိုးတန်သယံဇာတပစ္စည်းများအား နောင်သားစဉ်မြေးဆက် စဉ်ဆက်မပြတ်ရေရှည် ထုတ်ယူသုံးစွဲနိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် တရားမဝင်သစ်ခိုးယူထုတ်လုပ်ခြင်း ဆောင်ရွက်မှုများအား ထိရောက်စွာဖော်ထုတ်ဖမ်းဆီးဆောင်ရွက်ခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်(အောက်တိုဘာလ) အထိ ကျွန်း/ သစ်မာ/အခြားသား စုစုပေါင်း (၁၃၈,၆၄၉)တန်ကျော်ကို တရားခံနိုင်ငံခြားသား (၁၃၀)ဦး၊ နိုင်ငံသား (၂၂၆၇၃) ဦး၊ သစ်တင်ကား (၃၄၂၉) စီး၊ ထော်လာဂျီ (၄၇၇)စီး၊ သစ်တင်ကရိန်း/မြေ ကော်စက်/မြေထိုးစက် (၈)စီး၊ ထွန်စက် (၆)စီး၊ စက်လှေ/မော်တော် (၆၆၈) စီး၊ လက်ကိုင်လွှ စက် (၄၂၂)ခု၊ ဆက်စပ်ပစ္စည်းအများအပြားနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တရားမဝင်သစ်ဖော်ထုတ် ဖမ်းဆီးရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ |
| ၁၆။ | သစ်တောစိုက်ခင်းများတည်ထောင်ခြင်း | ➢ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် စိမ်းလန်းစိုပြည်ရေးနှင့်ဒေသထောက်ပံ့ရေးအတွက် ကျေးရွာသုံးစိုက်ခင်းများတည်ထောင်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုကို ခံယူ၍ ဒေသခံပြည်သူတို့၏ လိုအပ်ချက်နှင့်အညီ လွတ်လပ်စွာရွေးချယ်တည်ထောင်စိုက်ပျိုးနိုင်ရန်တိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးများသို့ လုပ်ပိုင်ခွင့်များခွဲဝေပေး ခဲ့ပါသည်။<br>➢ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ သစ်တောစိုက်ခင်းဧက (၃၁၄၀၀) ကိုတည်ထောင်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် သစ်တောစိုက်ခင်း(၃၀၀၀)ဧကကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။<br>➢ တည်ထောင်ပြီးကျေးရွာသုံးစိုက်ခင်းများအနက် (၅) နှစ်သားနှင့်အထက် စိုက်ခင်း (၂၁၅) ဧကမှ ထွက်ရှိသည့် ထင်း (၂၁၉) တန်၊ တိုင် (၄၇) လုံးနှင့် ထွန်တုံး (၁၈) တုံးကို နီးစပ်ရာ ကျေးရွာပြည်သူများသို့ အခမဲ့ ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။ |
| ၁၇။ | ပြည်သူ့ဗဟိုပြုပျိုးထောင်စိုက်ပျိုးခြင်း | ➢ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်၍ ဒေသခံပြည်သူများစိုက်ပျိုးလိုသည့် သစ်မျိုးများကိုရွေးချယ်၍ ကိုယ်တိုင်ပျိုးထောင်စိုက်ပျိုးဆောင်ရွက်သည့် စနစ်ဖြစ်သော ပြည်သူ့ဗဟိုပြုပျိုးထောင်စိုက်ပျိုးခြင်း လုပ်ငန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။<br>➢ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ ပျိုးပင်ပေါင်း (၅၅၅၅၀)ပင်ကို ပျိုးထောင်စိုက်ပျိုးခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပျိုးပင်ပေါင်း(၄၂၅၀၀)ပင်ကို ပျိုးထောင်စိုက်ပျိုးသွားမည်ဖြစ်ပါသည်။ |
| ၁၈။ | အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ | ➢ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် အရေးကြီး ဆောင်ရွက်ရန်လိုအပ်သော ဒေသများအတွင်း ဆောင်ရွက်မည့်အစီအမံများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်၍ သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုကိုခံယူ၍ စိုက်ပျိုးရန် အမှန်လိုအပ်သည့် နေရာများကို တိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးများသို့ လုပ်ပိုင်ခွင့်များခွဲဝေပေးခဲ့ ပါသည်။<br>➢ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ ပျိုးပင်ပေါင်း(၁၄၈၀၈၃၁)ကို တည်ထောင်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အထူးစိမ်း ပျိုးပင်(၈၂၈၈၀)ပင်ကို ပျိုးထောင်စိုက်ပျိုးသွားမည်ဖြစ်ပါသည်။ |
| ၁၉။ | သဘာဝတောကျန်များထိန်းသိမ်းခြင်း | ➢ သဘာဝတော ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များအနက် တွဲဖက်ဆောင်ရွက်သည့် ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းမှ ထွက်ရှိသည့် ထင်း (၁၂၀၃ ဒသမ ၉၈)တန်ကိုဒေသခံပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။ |
| ၂၀။ | အပူပိုင်းဒေသ ကျေးလက်ပြည်သူများ၏ သောက်သုံးရေနှင့်စိုက်ပျိုးရေ လိုအပ်ချက်အား ဖြည့်ဆည်းပေးရန်အတွက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တစ်ဖက်ရပ်ဆည်နှင့် မိုးရေစုကန်များ တည်ဆောက်ခြင်း | ➢ ဒေသခံပြည်သူလူထု၏ သောက်သုံးရေ၊ စိုက်ပျိုးရေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလအထိ တစ်ဖက်ရပ်ဆည်(၅)ခုနှင့် ဂါလန် (၅၀၀၀) ဆံ့ မိုးရေစုကန် (၃)ခုတို့ကို တည်ဆောက်ပေးနိုင် ခဲ့ပါသည်။ |
| ၂၁။ | ကျေးလက်နေ ပြည်သူများနှင့်တိရစ္ဆာန်များအတွက် သောက်သုံးရေနှင့် ဒေသစိမ်းလန်းစိုပြည်ရေး အထောက်အပံ့ဖြစ်စေရန်အတွက် ရေကန်ငယ်များ တည်ဆောက်ခြင်း | ➢ ကျေးလက်နေပြည်သူမျာအတွက် သောက်သုံးရေ၊ တိရစ္ဆာန်များအတွက် သောက်ရေရရှိစေရန်နှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ရေအမှန်တကယ်ရှားပါးသော ကျေးရွာများသို့ သောက်သုံးရေနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ရေကန်ငယ် (၈၆) ကန် တူးဖော်ပေးခြင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထိုသို့တူးဖော်ခဲ့သည့် ရေကန်ငယ်များအား ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလကုန်အထိ ရေကန်ငယ် (၅၇) ကန်အား ကျေးရွာများသို့ လွှဲပြောင်းပေးအပ်နိုင်ပါသည်။ |

ဆက်လက်ဖော်ပြပါမည်

## သာစည်မြို့နယ် ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းကြည့်ရှုဆောင်ရွက်

**သာစည်၊ ဒီဇင်ဘာ ၁၁**

မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးသူရတို့သည် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေရရှိရေးနှင့် ကျေးလက်ဒေသမီးလင်းရေးတို့ကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရာတွင် ဒီဇင်ဘာ ၁၀ ရက် နံနက် ၇ နာရီက မြို့နယ်/ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးထွန်းညွန့်ဦးနှင့်အတူ ဆည်ကြီး(မ)ကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် စက်ရေတွင်း တူးဖော်ဆောင်ရွက်ထားရှိမှုနှင့် ဆည်ကြီး(မ)ကျေးရွာနှင့်ရွာကြီးကျေးရွာလမ်း ခင်းနိုင်ရေးအတွက် မြေသားပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများ၊ဆည်ကြီးကျေးရွာအုပ်စုလျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြောင်းသိရသည်။

**ထွန်းထွန်း(သာစည်)**

## ကနီမြို့ မြို့လယ်လမ်းမကြီးအား ကတ္တရာထပ်ပိုးလွှာခင်း

**ကနီ ဒီဇင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွင်း ကျေးလက်ဒေသများဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီးရန်ပုံငွေများဖြင့် မြို့နယ်အတွင်း လမ်းများ အဆင့်မြှင့်တင်ခြင်း၊ ကတ္တရာခင်းခြင်းများနှင့် တံတားများပြုပြင်အသစ်ဆောက်လုပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ကနီမြို့ မြို့လယ်လမ်းမတွင် ကတ္တရာများပေါက်ပြဲနေ၍ တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေကျပ် ၁၂၂ သန်းဖြင့် မုံရွာ-ချောင်းမ-ကနီ မြို့ဝင်လမ်းဆုံမှ ကမ်းနားလမ်းအထိ မြို့လယ်လမ်းမတစ်လျှောက် တစ်မိုင်တစ်ဖာလုံအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းများကို မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းငွေးအောင်(ကနီ)**

# မင်းလှတွင် ကျောက်ထု၊ ကျောက်ခွဲ လုပ်ငန်းဖြင့် ဒေသခံများ ဝင်ငွေရရှိ

**သရက်၊ ဒီဇင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်အတွင်းရှိ ဘင်္ဂကျေးရွာ၊ တလုပ်ရင်းကျေးရွာနှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများ တောင်ယာလုပ်ငန်းအပြင် သရက်-မင်းလှ လမ်းခင်းရန်အတွက် ကျောက်များခွဲခြင်းလုပ်ငန်းများ၊ ကျောက်ပုံခြင်းလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ကျောက်ခွဲလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက “အရင်နှစ်က စပါးပေါ်ချိန် စပါးရတဲ့အတွက် အဆင်ပြေကြတယ်။ အခုနှစ် စပါးထွက်ရှိမှု နည်းပါးတဲ့အချိန် တောင်သူတွေ အဆင်မပြေဖြစ်တဲ့အချိန်မှာ သရက်-မင်းလှ လမ်းခင်းဖို့အတွက် ကျောက်လိုအပ်တဲ့အချိန်မှာ ကျောက်ထုလုပ်ငန်းနဲ့ ကျောက်တွေသယ်ယူဖို့ လုပ်ငန်းပေါ်လာချိန်ဆို ကျောက်လုပ်ငန်းများပါလုပ်ကြပါတယ်။ ကျောက်ခွဲတဲ့လုပ်ငန်းတွေလုပ်တဲ့ခါ ကျောက်တစ်ကျင်းခွဲခမှာ ကျပ် ၄၅၀၀ ရှိတဲ့အတွက် ကျောက်တစ်ကျင်းကနေ တစ်ကျင်းခွဲ ထုလုပ်နိုင်ရင် တစ်နေ့ဝင်ငွေကျပ် ၅၀၀၀ ကနေ ၇၀၀၀ အထိရရှိပါတယ်” ဟု ပြောသည်။

“ကျောက်ကားပေါ်တင်တဲ့ လုပ်ငန်းဆို တစ်ကျင်း တင်ခကျပ် ၃၀၀၀ ရပါတယ်။ ကားလေးခေါက်လုပ်သားလေးဦး ဆောင်ရွက်ပေးရင် တစ်ဦးကို တစ်နေ့ ဝင်ငွေကျပ် ၄၀၀၀ ဝန်းကျင်ရရှိပါတယ်” ဟု ကျောက်ခွဲခြင်းလုပ်ငန်းနှင့်ကျောက်များကားပေါ်တင်ပေးသည့် လုပ်ငန်းတွင် လုပ်ကိုင်ဆောင်ရွက်သူတစ်ဦးက ပြောသည်။

**ဇော်ထက်(သရက်)**

# မိတ္ထီလာမြို့၌ ယပ်တောင်အကြမ်းထည်လုပ်ငန်းများအလုပ်ဖြစ်နေ

**မိတ္ထီလာ၊ ဒီဇင်ဘာ ၁၁**

မိတ္ထီလာမြို့ ညောင်မြင့်ကျေးရွာအုပ်စု ညောင်မြင့်(စံပြ)ကျေးရွာဒေသခံတောင်သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်သည့်အပြင် ဝါးဖြင့်ပြုလုပ်ရသော ယပ်တောင်အကြမ်းထည် လုပ်ငန်းကို မိသားစု ဝင်ငွေရလုပ်ငန်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။



“လွန်ခဲ့တဲ့သုံးလေးနှစ်က စပြီးတော့ ညောင်မြင့်ကျေးရွာမှာ ယပ်တောင်လုပ်ငန်းကို စတင်လုပ်ကိုင်ကြတာပါ။ သီးနှံစိုက်ပျိုးရေး တောင်ယာလုပ်ငန်းကို လုပ်ကိုင်ပေမယ့် ရာသီဥတုမမှန်လို့ သီးနှံအောင်မြင်မှုမရှိရင် မိသားစုစားဝတ်နေရေး အဆင်မပြေအောင်ဆိုပြီး တစ်ဦးစနှစ်ဦးစ စတင်လုပ်ကိုင်ရာကနေ အခုတော့ တစ်ရွာလုံးလိုလို ယပ်တောင်အကြမ်းထည်လုပ်ငန်းကို မိသားစုဝင်ငွေရ အလုပ်တစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာကြပါပြီ။ အိမ်က ကျောင်းနေတဲ့ကလေးငယ်တွေလည်း ကျောင်းအားချိန်မှာ ယပ်တောင်အလုပ်ကို ဝိုင်းဝန်းကူညီလုပ်ကိုင်ကြတယ်။ မိသားစုအားလုံးဝိုင်းဝန်း လုပ်ကိုင်တာမို့ လုပ်ငန်းလည်း တွင်ကျယ်ပါတယ်။ ဒါပေမယ့် မှာယူသူတွေ လိုချင်သလောက်ကိုတော့ မလုပ်ပေးနိုင်သေးဘူး” ဟု ညောင်မြင့်ကျေးရွာတွင် ယပ်တောင်အကြမ်းထည်လုပ်ငန်းကို လုပ်ကိုင်သူ အမျိုးသမီးတစ်ဦးက ပြောသည်။

ညောင်မြင့်ကျေးရွာရှိ ယပ်တောင်အကြမ်းထည်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ကျိတ်ပုလဲကျေးရွာနှင့် မိတ္ထီလာမြို့ပေါ် ဘူတာဟောင်းနယ်မြေရှိ ဝါးဆိုင်များမှ ကြက်သောင်းဝါးလတ်များကို တစ်လုံး ၆၀၀ မှ ၇၀၀ ကျပ်အထိပေးဝယ်ပြီး ယပ်တောင်အရွယ်အစားအလိုက် ဝါးကို ဖြတ်တောက်ကာ ယပ်တောင်အသေးနှင့် အလတ် အကြမ်းထည်များကိုပြုလုပ်ရသော်လည်း ယပ်တောင်အသေးသည် ၁၂ ကျပ် သာရရှိပြီး အလတ်စားမှာမူ ၁၅ ကျပ် အထိဈေးရသောကြောင့် အလတ်စားယပ်တောင်အကြမ်းထည်ကို အများဆုံးပြုလုပ်ကြသည်။

ညောင်မြင့်ကျေးရွာမှ ထွက်ရှိသည့် ယပ်တောင်အကြမ်းထည်များကို ပျော်ဘွယ်မြို့နယ်နှင့် မိတ္ထီလာမြို့ပေါ်ရှိ ပုံနှိပ်စက္ကူ ယပ်တောင်လုပ်ငန်းရှင်များက လာရောက်ကြိုတင်မှာယူ၍ ဝယ်ယူခြင်းဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**


## အလုပ်ခွင်မပျက် နိုင်ငံသားကတ်ပြားများပြုလုပ်ပေး

**ရန်ကုန်၊ ဒီဇင်ဘာ ၁၁**

အလုပ်ခွင်မပျက် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိနိုင်ရေးအတွက် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးမှ မြို့နယ်ဦးစီးဌာနမှူး ဦးဇော်မင်းနိုင်နှင့် ရုံးဝန်ထမ်းများသည် ဒီဇင်ဘာ ၈ ရက်က အမှတ် (၁) စက်မှုဇုန် PMG အရက်ချက်စက်ရုံ၌ စက်ရုံ ဝန်ထမ်းများအား မိုးပွင့်အဆင့် (၇) စီမံချက်ဖြင့် နိုင်ငံသားအရည်အချင်းနှင့် ပြည့်မီသူဝန်ထမ်း ၃၀တို့အား အခမဲ့နေ့ချင်းပြီး အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

“မိုးပွင့်အဆင့် (၁) မှ (၆) အထိ စီမံချက်တွေမှာတော့ ရပ်ကွက်၊ ကျေးရွာများ၊ စာသင်ကျောင်းများက ပြည်သူများ၊ ကျောင်းသား ကျောင်းသူများကို အဓိကထားပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြပါတယ်။ အခု အဆင့် (၇) စီမံချက်မှာတော့ ယခင်ကဆောင်ရွက်နေကျအပြင် မြို့နယ်အတွင်း စက်ရုံများရှိ ဝန်ထမ်းတွေကိုပါ အလုပ်ခွင်မပျက် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိအောင် ထပ်တိုးပြီး ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်” ဟု မြို့နယ်ဦးစီးမှူးက ပြောသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**



### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(G)၊ ဦးပိုင်အမှတ်(၁၁၃)၊ ၅၇×၅၈ ကြား၊ ခိုင်ရွှေဝါ× မနော်ဟာရီလမ်းကြားရှိ ဦးမြအောင် အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးစိန်လှ၊ မိခင် ဒေါ်အေးရီတို့မှ (သား) ဦးမြအောင်နှင့် ဦးမေရှိုးဟော့တို့ကို မွေးဖွားခဲ့ပါသည်။ ဦးမေရှိုးဟော့သည် ဇနီး ဒေါ်ကျင်ရွှေလင့်နှင့် အိမ်ထောင်ကျပြီး (သမီး) ဒေါ်ချင်ရှမ်းကို မွေးဖွားခဲ့ပါသည်။ အဘိုး ဦးစိန်လှ၊ အဘွား ဒေါ်အေးရီ၊ (ဦးလေး)ဦးမြအောင်(လူပျိုကြီး)ဘဝ၊ ဖခင် ဦးမေရှိုးဟော့၊ မိခင် ဒေါ်ကျင်ရွှေလင်တို့ အသီးသီးကွယ်လွန်သွားပါသဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၉၄၄/၂၀၁၃) ဖြင့် အမွေဆက်ခံခဲ့သော (တူမ/သမီး) ဖြစ်သူ ဒေါ်ချင်ရှမ်း[၉/မရမ(နိုင်)၀၆၇၉၁၆]မှ ဂရန်မူရင်းနှင့် လမ်းဖိုး၊ မြေဖိုးငွေသွင်းပြေစာ ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူ/အမည်ပြောင်း အမှုတွဲ ဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၃၅၃/က)၊ မြေကွက်တည်နေရာအမှတ် (၃၅၃/က)၊ သုမန(၂)လမ်း၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ် (၁။ ဦးခင်မောင်အေး၊ ၂။ ဒေါ်သန်းငွေ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်အေး(ဖခင်)နှင့် ဒေါ်သန်းငွေ(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ ဒေါ်ခင်သန်းအေး [၁၂/တမန(နိုင်)၀၅၆၉၅၅]၊ ၂။ ဒေါ်ခင်စန်းငွေး[၁၂/တမန(နိုင်)၀၅၆၉၄၁]၊ ၃။ ဒေါ်သန်းသန်းထွေး[၁၂/တမန(နိုင်)၀၃၀၉၈၃]၊ ၄။ ဦးခင်မောင်ထူး[၁၂/တမန(နိုင်)၀၅၆၉၁၀]၊ ၅။ ဒေါ်မြင့်မြင့်အေး[၁၂/တမန(နိုင်)၀၃၁၁၈၇]၊ ၆။ ဒေါ်တင်တင်အေး[၁၂/တမန(နိုင်)၀၇၅၀၇၀]တို့အနက် အမှတ်စဉ်(၂၊ ၃၊ ၄၊ ၅၊ ၆) တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၉၇၀၄/၂၀၁၄)နှင့် (၂၄၁၃၀/၂၀၁၄) ရသူ ဒေါ်ခင်သန်းအေးမှ သေစာရင်း/ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများနှင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၁၂)၊ ဦးပိုင်အမှတ် (၁၁)၊ ၃၀×၃၁ ကြား၊ ရွှေတချောင်းအရှေ့ဘက်ရှိ မောင်ကျွယ် အမည်ပေါက် ဘိုးဘမြေကွက်အား မောင်ကျွယ်သည် မသိမ်းမယ်နှင့် အိမ်ထောင်ကျပြီး (သား) ဦးကြာရိုးနှင့် ဦးသိန်းတို့ကို မွေးဖွားခဲ့သည်။ ဦးကြာရိုးသည် ဒေါ်စောမြိုင်နှင့် အိမ်ထောင်ကျပြီး (သား) ဦးဘဦးကိုလည်းကောင်း၊ ဦးသိန်းသည် ဒေါ်အေးမယ်နှင့် အိမ်ထောင်ကျပြီး (သား) ဦးစိုးဝင်းကိုလည်းကောင်း မွေးဖွားခဲ့ပါသည်။ အဘိုး မောင်ကျွယ်၊ အဘွား မသိမ်းမယ်၊ ဖခင် ဦးကြာရိုး၊ မိခင် ဒေါ်စောမြိုင်၊ ဖခင် ဦးသိန်း၊ မိခင် ဒေါ်အေးမယ်တို့ အသီးသီးကွယ်လွန်၍ ကျန်ရစ်သူ မြေး(၂)ဦးဖြစ်သော ဦးဘဦး [၅/ထခန(နိုင်)၀၁၃၁၀၆] နှင့် ဦးစိုးဝင်း[၉/မနတ(နိုင်)၀၂၅၉၄၀]တို့မှ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံ စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ယာယီမြေရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာ အကျိုးအမြတ်ရရှိသော တိုက်ခန်းအား ကန်ထရိုက်တာထံမှ ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့် စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်း လျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့် အခန်းအမှတ် |
|---|---|---|---|
| ၁။ | ကန်ထရိုက်တာဦးမြင့်သိန်း [၁၂/ပဘတ(နိုင်) ၀၂၁၉၈၉] (မှ) ဦးဇော်ဇော်ဝင်း[၁၂/သဃက(နိုင်)၀၄၃၄၃၈](မှ) | ဦးခင်မောင်တင့် [၉/မနမ(နိုင်)၀၃၀၇၈၉] | အမှတ်(၁၂၃)၊ ၄-လွှာ(ယာ)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/မြောက်ရပ်ကွက်၊ ငှက်ပျောတောလမ်း၊ အမှတ်(၄) ဟု ခေါ်တွင်သော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်အဆောက်အအုံ၏ မြေညီထပ် +(ထပ်ခိုးပါ)၊ မကြီးကြီးလမ်းဘက်အခြမ်းရှိ တိုက်ခန်းအား တိုက်ခန်းပိုင်ရှင်ဖြစ်သူမှ တရားဝင်ပိုင်ဆိုင်ကြောင်း အတိအလင်းဝန်ခံလျက် ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းချက်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးခိုင် [၁၂/ပဘတ(နိုင်)၀၂၈၀၁၅] မှ ဝယ်ယူရန် သဘောတူသည့်အလျောက် အရောင်း အဝယ်ပြုလုပ်ကြရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း တရားဝင်ခိုင်မာသည့် စာရွက်စာတမ်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးသတ် အရောင်းအဝယ်စာချုပ်အား ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နုနု **B.Sc, R.L,DL 101,**
**201 WIPO (Genever)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၀)

ဒေါ်ဝေ **(LL.B)**
အထက်တန်းရှေ့နေ (စဉ်-၃၅၉၁၃)

အမှတ်(၉/၁၁)၊ အခန်း(၂၀၃-ဘီ)၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

# ကသာမြို့တွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသည့် တံတားများ အသစ်ပြန်လည်တည်ဆောက်

**ကသာ၊ ဒီဇင်ဘာ ၁၁**

ကသာမြို့အနီး သဘာဝဘေးဒဏ်ကြောင့် ကျိုးပျက်သွားသော တံတားများအနက် ပြည်သာယာတံတားမှာ ပြန်လည်တည်ဆောက်မှု ပြီးစီးသွားခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် စက်တင်ဘာ ၁၇ ရက် ည ၁၂ နာရီက ရွာသွန်းသောမိုးကြောင့် နံနက် ၄ နာရီခန့်တွင် ဧရာဝတီမြစ်ထဲစီးဝင်သော သွေးခြောက်ချောင်းသည် တောင်ကျရေများကျဆင်းခဲ့၍ တံတားများကျိုးကျကာ ပျက်စီးခဲ့ကြောင်းသိရသည်။

ယင်းနောက်ပြည်သာယာရပ်ကွက်ရှိ ချောင်းနံဘေး နေအိမ်သုံးလုံး ရေထဲမျောပါသွားပြီး လူနှစ်ဦးသေဆုံးခဲ့ကြောင်းသိရသည်။

ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်း ဦးဆောင်၍ ကယ်ဆယ်ရေးနှင့် နေရာချထားရေးတို့ကို လုပ်ဆောင်ပေးခဲ့ပြီး ချောင်းကမ်းဘေးနေအိမ်များကို ကသာမြို့ ပြည်သာယာရပ်ကွက် သာယာကုန်းကွက်သစ်တွင် နေအိမ်ကိုးလုံးစာ နေရာချထားပေးခဲ့ကြောင်း သိရသည်။

ကျန်ရှိသော ပေကုန်းတံတားနှင့် ကပ္ပလိပ်တံတားများ ပြန်လည်တည်ဆောက်မှုအခြေအနေကို ကသာခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့်အဖွဲ့က ဒီဇင်ဘာ ၉ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။



ကပ္ပလိပ်တံတား ပေ ၁၀၀ × ၁၂ ပေကို အထူးစီမံကိန်းကြီးအဖွဲ့ (၄) ပြန်လည်တည်ဆောက်နေရာ ဝ ဒသမ ၈ ဘိုးပိုင်အောက်ထည် သံကူကွန်ကရစ်တံတားဖြစ်၍ လုပ်ငန်းတစ်ခုလုံး၏ ၅၆ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ အလျား ပေ ၈၀ × အနံ ၁၂ ပေရှိသော ပေကုန်းတံတားကို စစ်ဆေးရာ အထူးစီမံကိန်းအဖွဲ့ (၂) မှ တာဝန်ယူဆောက်လုပ်နေပြီး ဝ ဒသမ ၈ ဘိုးပိုင်အောက်ထည် သံကူကွန်ကရစ် အပေါ်သံပေါင်ရက်မနှင့် သစ်သားကြမ်းခင်းတံတားဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး၏ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**အေးလွင်(ကသာ)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်း ရေးပညာပေးဟောပြော

**ရွှေတောင်၊ ဒီဇင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ဘုရားသုံးဆူပွဲတော်ရက်အတွင်း ဘုရားဖူးလာလုပ်သားပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ရွှေတောင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးဝေကိုနှင့် လျှပ်စစ်ဝန်ထမ်းများသည် ဒီဇင်ဘာ ၆ ရက်က ရွှေတောင်မြို့နယ်အတွင်း လမ်းကျော်ဗို့အား ၄၀၀ ဗို့ခွတ်အားလိုင်းများတွင် Short Link ကြိုးများ အကာအကွယ်တပ်ဆင်ပေးခဲ့ပြီး လျှပ်စစ်အန္တရာယ်များ သိရှိနားလည်ကြစေရန် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ရွှေတောင်မြို့နယ် နွားမယံကျေးရွာအုပ်စု လေးကျွန်းဆီမီးကျေးရွာ (ခလရ-၁၄) အ. လ. က (ခွဲ) ကျောင်းတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးဝေကိုက ပရိဂျက်တာများဖြင့် အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(၁၄၃)**

## ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

**ချောက်၊ ဒီဇင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၀၀၀ ဖြင့် ဆောင်ရွက်သည့် ချောက်မြို့နယ်အတွင်းရှိ လုပ်ငန်းများကို မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းသည် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက် လိုက်ပါလျက် ဒီဇင်ဘာ ၇ ရက် မွန်းလွဲပိုင်းက ကြည့်ရှုစစ်ဆေးခဲ့သည်။

ပုပ္ပကန်ကျေးရွာအုပ်စု မြင်းကြိမ်လုံးကျေးရွာရှိ စက်ရေတွင်း တူးဖော်ပြီးစီးမှု အခြေအနေအား ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ ဒေါ်နိုင်နိုင်မော်က စက်ရေတွင်းတူးဖော်ပြီးစီးမှု အခြေအနေ၊ ရေအုတ်ကန်တည်ဆောက်ပြီးစီး၍ အမိုးမိုးရန်နှင့် ရေစက်ရုံတည်ဆောက်ရန်သာ ကျန်ရှိတော့ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ဩဇာတောကျေးရွာ အုတ်ကျောက် မိုးရေလှောင်ကန် အဆင့်မြှင့်တင် ပြုပြင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးမှုအခြေအနေကို တင်ပြဆွေးနွေးခဲ့၍ ခရိုင်အုပ်ချုပ်ရေးမှူးက လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်၍ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဝင်းငွေး(ပြန်/ဆက်)**

## ရွှေးကောက်ပွဲကော်မရှင် လုပ်ငန်းများဆွေးနွေး

**ဆော၊ ဒီဇင်ဘာ ၁၁**

ဂန့်ဂေါခရိုင် ရွှေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ဆောမြို့နယ် ရွှေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ လုပ်ငန်းဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၄ ရက်က မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ခရိုင်ရွှေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဝင်းက မဲစာရင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းမှာကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးငွေမောင်းက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများသည် လူဦးရေစာရင်းများအပါအဝင် လုပ်ငန်းအတွေ့အကြုံများကိုပါ ပေါင်းစပ်၍ ဆွေးနွေးညှိနှိုင်းကြကြောင်း သိရသည်။ **(၄၆၅)**

## ကန်သာရွာ ပညာရုံသီစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်လှစ်


**ဂန့်ဂေါ၊ ဒီဇင်ဘာ ၁၁**


ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဂန့်ဂေါမြို့နယ် ကန်သာရွာ ပညာရုံသီစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၁၁ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစံထူးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကြသည်။

ဆက်လက်၍ စာကြည့်တိုက်ရှင်သန်ရေး ဆွေးနွေးပွဲကို အဆိုပါစာကြည့်တိုက်တွင် ဆက်လက်ပြုလုပ်ရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးက စာကြည့်တိုက်ရှင်သန်ရေး၊ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြီး သုတစာအုပ် ၅၀ နှင့်၊ ဝတ္ထု ၅၀ တို့အပါအဝင် စာအုပ်မျိုးစုံ ၁၅၀ ကိုလည်းကောင်း၊ ကျေးရွာနေပြည်သူများက စာအုပ်မျိုးစုံ ၄၈၈ အုပ်နှင့် စာကြည့်တိုက်ငွေပဒေသာပင်အဖြစ် ငွေကျပ်ငါးသောင်းကျော်ကိုလည်းကောင်း ကျေးရွာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါစာကြည့်တိုက်ကို ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ခဲ့ခြင်းဖြစ်၍ အလျား ၂၃ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၄ ပေရှိကာ ပျဉ်ကာ၊ ပျဉ်ခင်း၊ ဝါးကပ်မိုးဖြင့် ဆောက်လုပ်ထားခြင်းဖြစ်ကာ တန်ဖိုးငွေကျပ် ၁၅ သိန်း ကုန်ကျကြောင်းနှင့် စာကြည့်တိုက်ကို အပတ်စဉ် (စနေနှင့် တနင်္ဂနွေ) နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပုံမှန်ဖွင့်လှစ်ပေးလျက်ရှိသဖြင့် ဒေသနေပြည်သူများ စာပေဗဟုသုတကို လွယ်လင့်တကူ လေ့လာဖတ်ရှုနိုင်ကြောင်း သိရသည်။ **(၄၆၅)**



**ရောင်းမည် (330L)**
12½'x50'(၅လွှာ)
ကွက်သစ်လမ်းမကြီး
ယမုံနာ(၁) ဒေါပုံ။
ဖုန်း-၀၉-၅၀၉၅၈၅၉

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်ပြည့်ဖြိုးအောင်[၁၂/သဃက(နိုင်)၁၇၉၀၃၇] ကိုင်ဆောင်သူ၏ Passport မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၁၄၆၇၆၁

**ပျောက်ဆုံးကြောင်း**
ကျွန်တော် စောဝေထူး [၇/ပခန(နိုင်)၂၃၉၆၃၀] ကိုင်ဆောင်သူ CDC-83785 ၏ CDC, SID အစရှိသော သင်္ဘောသားလက်မှတ်မှုရင်းများမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၃၁၀၂၇၉၄၆



# အသိပညာ အတတ်ပညာ ဖွံ့ဖြိုးတိုးတက်လာစေရန် ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်

**သာစည်၊ ဒီဇင်ဘာ ၁၁**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း ပညာရေးအဆင့်မြှင့်တင်မှုအနေဖြင့် အခြေခံပညာကျောင်း ၃၀ အား အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခြင်း၊ ကျောင်းဆောင်သစ်အဆောက်အအုံများ ဆောက်လုပ်ပေးခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ၊ ဆရာ ဆရာမများ တိုးမြှင့်ခန့်ထားပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်မှုမှာ အ. ထ. က (ခွဲ) မှ အ. ထ. က အဖြစ် နှစ်ကျောင်း၊ အ. လ. ကမှ အ. ထ. က (ခွဲ) အဖြစ် နှစ်ကျောင်း၊ အ. လ. က (ခွဲ) မှ အ. လ. က အဖြစ် နှစ်ကျောင်း၊ မူလွန်မှ အ. လ. က (ခွဲ)အဖြစ် ၁၂ ကျောင်း၊ အ. မ. ကမှ မူလွန်အဖြစ်ငါးကျောင်း၊ အ. မ. က (ခွဲ) မှ အ. မ. က အဖြစ် တစ်ကျောင်း၊ ကိုယ်ထူကိုယ်ထကျောင်းမှ အ. မ. က အဖြစ် နှစ်ကျောင်း၊ အ. မ. က (ခွဲ) အဖြစ် လေးကျောင်း၊ စုစုပေါင်းကျောင်း ၃၀ ကို ယခုနှစ်ပညာသင်နှစ်တွင် အဆင့်မြှင့်တင်နိုင်ခဲ့သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောင်းဆောင်သစ်များ ဆောက်လုပ်ရာတွင် Equil Constructure ကုမ္ပဏီမှ ကျောင်းပေါင်း ၁၀ ကျောင်းတွင် RC တစ်ထပ်အဆောက်အအုံသစ်များ ဆောက်လုပ်ခြင်း၊ မြနဒီလွင်ကုမ္ပဏီမှ ကျောင်းပေါင်း ၁၀ ကျောင်းတွင် RC တစ်ထပ်အဆောက်အအုံသစ် ကိုးလုံးနှင့် RC နှစ်ထပ်အဆောက်အအုံသစ်တစ်လုံး ဆောက်လုပ်လျက်ရှိသည်။

ပြုပြင်မွမ်းမံရန်လိုအပ်သည့် ကျောင်းဆောင်အဆောက်အအုံများ ပြုပြင်မွမ်းမံခြင်းကို ကျောင်းပေါင်း ၁၄ ကျောင်းတွင် ဆောင်ရွက်ပေးလျက်ရှိပြီး သာစည်မြို့နယ်အတွင်း အခြေခံပညာကျောင်းများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးမှုများကြောင့် ပညာသင်ယူခွင့် အခွင့်အလမ်းများ ယခင်ကထက် ပိုမိုရရှိလာပြီး ပညာရေးအခြေခံကောင်းများရရှိကာ အသိပညာ အတတ်ပညာအခြေခံများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို လုပ်ငန်းနယ်ပယ်အလိုက် အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်ရာ ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ခြင်းကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးမင်း(သာစည်)**

## ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ထူးချွန်ကျောင်းသား/သူများအား ပညာရည်ချွန်ဆုချီးမြှင့်

**နေပြည်တော်၊ ဒီဇင်ဘာ ၁၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာအုပ်စု ရွှေမြို့ကြီးဂိုဏ်းထောက်ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၇ရက်က အဆိုပါကျောင်းဝင်းအတွင်းရှိ မဟာဏာဉာဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေမြို့ကြီးဂိုဏ်းထောက် မူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာတော် မြို့နယ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဦးဉာဏိဿရိယက ပညာရည်ချွန်ဆုချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းမိန့်ကြားပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများနှင့် ဘွဲ့ရကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

"ပညာရည်ချွန်ဆုပေးပွဲ နှစ်စဉ်ကျင်းပလာတာ အခုအကြိမ်ဆိုရင် (၂၂) ကြိမ်ရှိပါပြီ။ ကျောင်းသား ကျောင်းသူတွေ ပညာကို ကြိုးစားသင်ယူလိုစိတ်ရှိလာအောင်နဲ့ အနာဂတ်မှာ ထူးချွန်ထက်မြက်သူတွေ ဖြစ်လာအောင် ကျင်းပပေးတာဖြစ်ပါတယ်"ဟု ဆရာတော်က မိန့်ကြားသည်။

**ဇာဇာ(တပ်ကုန်း)**

## နတ်တလင်းမြို့မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုများ ပြုလုပ်

**နတ်တလင်း၊ ဒီဇင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ နယ်တာပွန်မီးသတ်စခန်းနယ်မြေအတွင်းရှိ ဒေသခံပြည်သူများ မီးဘေးမှကင်းဝေးစေရန် "မီးဘေးရှောင်မလောင်ခင်တား" ဟူသော ဆောင်ပုဒ်အညီ မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူနိုင်ကြရန် မြို့နယ်မီးသတ်ဦးစီးဌာန၏ လမ်းညွှန်မှု၊ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကော်မတီ၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် သန္ဓေတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့တို့မှ ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီမှစတင်ကာ ရပ်ကွက်များအတွင်း အသံချဲ့စက်ဖြင့် လှည့်လည်ကြေငြာခြင်း၊ မီးဘေးသတိမူရေးအတွက်မီးသတိပြုပိုစတာများကပ်ခြင်း၊ ရပ်ကွက်အတွင်းရှိ အုတ်ရေလှောင်ကန်များ ရေဖြည့်ခြင်း စသည့်လုပ်ငန်းများကို မီးဘေးအန္တရာယ်မကျရောက်စေရန်နှင့် ကျရောက်လာပါက ရေအဆင့်သင့်ရှိနေစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၇၁)**

## ကိုယ့်အားကိုယ့်ကိုး ကွန်ကရစ်လမ်းဖွင့်

**လှိုင်သာယာ၊ ဒီဇင်ဘာ ၁၁**

ကိုယ့်အားကိုယ်ကိုးကွန်ကရစ်လမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီက ရန်ကုန် မြောက်ပိုင်းခရိုင်လှိုင်သာယာမြို့နယ် အမှတ် (၁၅) ရပ်ကွက် ငုဝါလမ်း၌ ကျင်းပရာ အလှူရှင်များကိုယ်စား ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် လမ်းဖြစ်မြောက်ရေးကော်မတီတို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**(၃၂၉)**


# တပ်ကုန်းမြို့နယ်ရှိ ဒဟတ်ကုန်း(သကြားစက်ရုံ) နယ်မြေအတွင်းကြံစိုက်တောင်သူများ၏ကြံ ဝယ်ယူမှုအခြေအနေအား ကွင်းဆင်းဆောင်ရွက်





**တပ်ကုန်း၊ ဒီဇင်ဘာ ၁၁**

တပ်ကုန်းမြို့နယ်အတွင်းရှိ ဒဟတ်ကုန်း(သကြားစက်ရုံ) နယ်မြေရှိ ကြံစိုက်တောင်သူများ၏ ကြံပေးသွင်းရောင်းဝယ်၊ သယ်ယူမှုအခြေအနေများကို သိရှိနိုင်ရန် နေပြည်တော်ကောင်စီဝင် (လယ်ယာကဏ္ဍတာဝန်ခံ) ဦးမြင့်ရွှေ၊ နေပြည်တော်တိုင်း၊ ခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဒီဇင်ဘာ ၆ ရက် နံနက် ၁၀ နာရီခွဲက စက်ရုံသို့ ရောက်ရှိကြသည်။

ရှေးဦး စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်တိုင်းဦးစီးမှူး ဦးတိုးဝင်းနှင့် ဒဟတ်ကုန်းစက်ရုံမှူးတို့က ၂၀၁၄ ခုနှစ် ကြံဝယ်ယူရေးရာသီတွင် တန် ၆၆၀၀၀ ကျော်ဝယ်ယူရန် လျာထားပါကြောင်း၊ နေ့စဉ် ကြိတ်ဝါးမည့် တန် ၁၂၀၀ ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ထားသည့်အဝယ်ဒိုင်အလိုက် ဝယ်ယူ၊ သယ်ယူမည့် အခြေအနေများ၊ ပြန်လည်စိုက်ပျိုးနိုင်မည့် အခြေအနေများ၊ လမ်း၊ တံတား ဖြတ်သန်းနိုင်မှုအခြေအနေများနှင့် ကြုံတွေ့နေရသော အခက်အခဲများကို တင်ပြရာ နေပြည်တော်ကောင်စီဝင် (လယ်ယာကဏ္ဍတာဝန်ခံ) ဦးမြင့်ရွှေက သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများနှင့် စက်ရုံမှတာဝန်ရှိသူများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁-တိုးချဲ့)၊ မြေကွက်အမှတ်(၁၉၃)၊ မြေကွက်တည်နေရာအမှတ်(၁၉၃)၊ မြို့သစ်(၅)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဦးအောင်လှဖြူ) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးအောင်လှဖြူမှာ ၁၈-၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့်ဇနီးဖြစ်သူ ဒေါ်အောင်သန်းတင်[၁၂/မရက(နိုင်)၀၀၆၃၂၉]မှ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း သေစာရင်း၊ ကျမ်းကျိန်လွှာ၊ နှစ်(၆၀)ဂရန်တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၂၃)၊ မြေကွက်တည်နေရာအမှတ်(၂၃)၊ သုနန္ဒာ(၅)လမ်း၊ (ဦးမောင်စိန်)[၁၂/ဥကမ(နိုင်)၀၆၉၉၀၁]အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဦးမောင်စိန်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၆၉၁၁/၁၄)ဖြင့်ရရှိသူ ဦးရဲသူဟန် [၁/မကန(နိုင်)၀၉၉၈၀၇]က ပါဝါ ပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်း ကြောင်း ကျမ်းကျိန်လွှာကိုတင်ပြ၍ အိမ်ဆောက်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွန် နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
